# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက် နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏ (၈၉.၁၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်လို့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားပြပါ့မယ်။

ဦးစံပြည့်၊ ကချင်(၇)၊ ဒေသဖွံ့ဖြိုးရေးကိစ္စ၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး မကောင်း ဖြစ်ပါတယ်။

ယခုတင်ပြတဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ(၂၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၂၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီးရှိ ဥသျှစ်ပင် - ဟသ်ာတ - အသုတ် (၂၃၀)ကေဗွီ ဓာတ်အားခွဲလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ စီမံကိန်းအား မည်သည့်ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးညွန့်လှိုင်က ဧရာဝတီတိုင်းဒေသကြီးရှိ ဥသျှစ်ပင်-ဟသ်ာတ-အသုတ် (၂၃၀)ကေဗွီ ဓာတ်အားခွဲလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများစီမံကိန်းအား မည်သည့်ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးညွန့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီးတော့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ဥသျှစ်ပင်-ဟသာ်တ-အသုတ် (၂၃၀)ကေဗွီဓာတ်အားလိုင်းခွဲနှင့် ပင်မဓာတ်အားလိုင်းခွဲရုံများစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့်ခုနှစ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့ရွာများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာတိုးတက်ရရှိရေးအတွက် ဥသျှစ်ပင်-ဟသာ်တ-အသုတ် (၂၃၀)ကေဗွီဓာတ်အားခွဲလိုင်းနှင့် ပင်မဓာတ်အားခွဲလိုင်းများ စီမံကိန်းကို (၅)နှစ် စီမံကိန်းလျာထားချက်မှာ ထည့်သွင်းထားကြောင်း သိရှိရပါသဖြင့် အဆိုပါစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မည်သည့် ခုနှစ်တွင် စတင်နိုင်မည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၀၇။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် ၏မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါ တယ်ခင်ဗျား။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အသုတ်မြို့၊ ရေကြည်မြို့နှင့် ဟင်္သာတမြို့ များကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့(၂၃၀)KiloVolt လှိုင်သာယာ-အသုတ် မဟာဓာတ်အား လိုင်းနှင့် ပင်မဓာတ်အားခွဲရုံ၊ မြစ်ကျော်ဓာတ်အားလိုင်းများ အပါအဝင် စီမံကိန်းများကိုတော့ ၂၀၀၇ ခုနှစ်၊ မေလ မှာ တည်ဆောက်ပြီးစီးခဲ့လို့ လှိုင်သာယာဓာတ်အားခွဲရုံကနေ တစ်ဆင့် ပုသိမ်၊ အသုတ်၊ ရေကြည်နှင့် ဟင်္သာတဒေသများကို ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါ တယ်။ သို့သော်လည်း အဆိုပါဒေသများမှာ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ဖို့နှင့် ဗို့အား ပိုမိုကောင်းမွန်စေဖို့အတွက် (၂၃၀)ကေဗွီ ဥသျှစ်ပင်-ဟင်္သာတ-အသုတ် နှစ်ထပ် မဟာဓာတ်အားလိုင်း(၁၇၅)မိုင်နှင့် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်နိုင်ဖို့ လျာထားပြီး ဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ လေးစားပါတယ်။ (ညြဘာသံများ)

## အရွယ်မရောက်သေးသော ကလေးသူငယ်များအား ယာဉ်မောင်းနှင်ခြင်းမှ တားမြစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းတဲ့ မေးခွန်း တွေဟာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်း များကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က အရွယ် မရောက်သေးသော ကလေးသူငယ်များအား ယာဉ်မောင်းနှင်ခြင်းမှ တားမြစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၅) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အောက်ပါမေးခွန်းများနဲ့ ပတ်သက်သော စာပိုဒ်များ ဖတ်ကြားခွင့်ပြုပါရန် တောင်းခံအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် မေးတဲ့မေးခွန်းကတော့ အသက်အရွယ် မပြည့်မီသော ကလေးသူငယ်များ စက်တပ်ယာဥ်များ မောင်းနှင်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရက အသက်(၁၆)နှစ်ပြည့်သူတိုင်းကို စက်တပ်ယာဥ်များ မောင်းနှင်ခွင့် လိုင်စင် ထုတ်ပေးပါတယ်။ တချို့ကလေးသူငယ်များသည် အသက်အရွယ် မပြည့်ဘဲ ဥပမာ- ၁၃၊ ၁၄၊ ၁၅ နှစ် အရွယ်သာရှိပြီး မနိုင်မနင်းနှင့် မော်တော်ဆိုင်ကယ် မောင်းနှင်နေကြသည်ကို တွေ့မြင်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ယခုအခါ မော်တော်ဆိုင်ကယ် စီးနင်းသူများ အလွန်များပြားလာပါတယ်။ ကျေးလက်ဒေသများတွင်လည်း မော်တော်ဆိုင်ကယ်နှင့်သာ သွားလာနေကြပါတယ်။ ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်သော ကလေးသူငယ်များကြောင့် ယာဥ်တိုက်မှုမကြာခဏ တွေ့မြင်နေရပါတယ်။ အသက်ဆုံးရှုံးမှုများ၊ ကိုယ်လက်အင်္ဂါချို့တဲ့မှုများလည်း တွေ့မြင်နေရပါတယ်။ ယင်းကိစ္စကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် တားမြစ်ရန် လိုအပ်လာပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရထံ အမိန့်၊ ညွှန်ကြားချက် ထုတ်ပြန်ပြီး စည်းကမ်း တင်းတင်းကြပ်ကြပ်သတ်မှတ်ပေးရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမတစ်တိုင်းပြည်လုံး သိရှိလိုက်နာရန်အတွက် ပညာပေးကဏ္ဍအနေဖြင့် ရေဒီယို၊ တီဗွီ၊ သတင်းစာ၊ ဂျာနယ်မှတစ်ဆင့် အသိပညာပေးသင့်ပါတယ်။ အသက်အရွယ် မပြည့်သော ကလေးသူငယ်များ ဆိုင်ကယ်စီးတာတွေ့မြင်ပါက ယာဥ်ထိန်း

ရဲများ ခေါ်ယူပညာပေးခြင်း၊ တင်းကြပ်စွာ တားမြစ်ခြင်း၊ အုပ်ထိန်းသူများအား အသိပေး ခြင်း စသည်ဖြင့် တဖြည်းဖြည်း စည်းရုံးယူရပါတယ်။

နောက်ဆုံးအဆင့်အနေနဲ့ အကြိမ်ကြိမ်အခါခါ သတိပေးသော်လည်း လိုက်နာ ခြင်း မရှိသေးပါက ဆိုင်ကယ်မောင်းနှင်သူ ကလေးသူငယ်များကို အရေးမယူဘဲ မိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်တိုင် အရေးယူဆောင်ရွက်သင့်ပါတယ်။ ထို့ကြောင့် အရွယ် မရောက်သေးသော ကလေးသူငယ်များအား ယာဉ်မောင်းနှင်ခြင်းမှ တားမြစ်ပေးရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါ တယ်။

**နိုင်ငံတစ်ဝန်းရှိ မြို့တိုင်းနီးပါးတွင် ဖွဲ့စည်းတည်ထောင်ထားသည့် နာရေးကူညီမှုအသင်းများ ပိုင်ဆိုင်သည့် မော်တော်ယာဉ်များအား အခွန်ကင်းလွတ်ခွင့်ပြုပေးပြီး တရားဝင်လိုင်စင်နံပါတ်များ ထုတ်ပေးသွားရန် အချိန်သတ်မှတ်ချက်၊ စီးရေကန့်သတ်ချက်တို့ဖြင့် ဖိတ်ခေါ်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နိုင်ငံတစ်ဝန်းရှိ မြို့တိုင်းနီးပါးတွင် ဖွဲ့စည်းတည်ထောင်ထားသည့် နာရေး ကူညီမှုအသင်းများ ပိုင်ဆိုင်သည့် မော်တော်ယာဉ်များအား အခွန်ကင်းလွတ်ခွင့်ပြုပေးပြီး တရားဝင်လိုင်စင်နံပါတ်များ ထုတ်ပေးသွားရန် အချိန်သတ်မှတ်ချက်၊ စီးရေ ကန့်သတ်ချက် တို့ဖြင့် ဖိတ်ခေါ်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ အားလုံးကို ကျက်သရေ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတဲ့ မေးခွန်းကတော့ နိုင်ငံတစ်ဝန်းရှိ မြို့တိုင်းနီးပါးတွင် ဖွဲ့စည်းတည်ထောင်ထားကြသော နာရေးကူညီမှုအသင်းများ ပိုင်ဆိုင်သည့် မော်တော်ယာဉ်များအား အခွန်ကင်းလွတ်ခွင့်ပြုပေးပြီး၊ တရားဝင်လိုင်စင်နံပါတ်များ ထုတ်ပေးသွားရန် အချိန်သတ်မှတ်ချက်၊ စီးရေကန့်သတ်ချက်တို့ဖြင့် ဖိတ်ခေါ်သွားရေး အစီအစဉ် ရှိ/မရှိ ဟူ၍ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတစ်ဝန်းမှာ အမည်အမျိုးမျိုးနဲ့ အသုဘဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတွေ အများကြီး ရှိကြပါတယ်။ ငွေကြေး တတ်နိုင်တဲ့အသင်းတွေ၊ အချို့သော တရားဝင်လိုင်စင်ရ မော်တော်ယာဉ်များကိုသာ ငွေကြေးတတ်နိုင်တဲ့ အသင်းအချို့သာလျှင်၊ တရားဝင် လိုင်စင်ရ မော်တော်ယာဉ်တွေကို သုံးနေတာတွေ့ပြီးတော့ များသောအားဖြင့်တော့ လိုင်စင်မရှိ Without မော်တော်ယာဉ်များကိုသာ အသုံးပြုနေတာက များပါတယ်။ ဒီယာဉ်များနဲ့ ပတ်သက်ပြီးတော့ လူနာတင်ယာဉ်၊ အသုဘယာဉ် စသည့် စသည်တို့ကို တရားမဝင် အသုံးပြုနေတာ ၉၅ ရာခိုင်နှုန်းခန့် နိုင်ငံတစ်ဝန်းမှာ ရှိနေပါတယ်။ နိုင်ငံခြားမှတရားဝင်မှာယူတင်သွင်းသော နာရေးကူညီမှုကားဆိုတာ အနည်းငယ်သာ ရှိကြောင်း သိရပါတယ်။ သို့သော် အဲဒီယာဉ်တွေကတော့ ကျွန်တော်တို့ Without ယာဉ်တွေ အနေနဲ့ကတော့ မြို့တိုင်းမှာပဲ တွင်ကျယ်စွာ လူထုအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်နေကြပြီးတော့ ပြည်သူတို့ရဲ့ အားကိုးရတဲ့အဖွဲ့အစည်းများအဖြစ် ရပ်တည်လျက်ရှိတာကိုလည်းတွေ့ရှိရပါတယ်။ ဒီလက်ရှိအသုံးပြုနေတဲ့ယာဉ်တွေကို လူနာတင်ယာဉ်တို့၊ အသုဘယာဉ်တို့ကို နိုင်ငံခြားကနေ တင်သွင်းမယ်ဆိုလို့ရှိရင် အခွန်ကင်းလွတ်ခွင့်ပြုတယ်လို့လည်း သိရပါတယ်။

လက်ရှိနာရေးကူညီမှုအသင်းတွေမှာ အသုံးပြုနေတဲ့ယာဉ်တွေကိုလည်း မှတ်ပုံတင် အဲဒီလိုပဲ အခွန်ကင်းလွတ်ခွင့်ပြုပြီးတော့ မှတ်ပုံတင်ပြုလုပ်စေပြီးတော့ အသင်းတစ်သင်းကို အသုဘယာဉ် ဘယ်လောက်၊ လူနာတင်ယာဉ် ဘယ်လောက်၊ ကင်းလွတ်ခွင့်ပြုမယ်၊ မှတ်ပုံတင်လုပ်ပေးမယ်၊ လိုင်စင်ထုတ်ပေးမယ် စသည်ဖြင့် ဒီလိုမျိုးယာဉ်များကို ပိုမိုသင့်လျော်ကောင်းမွန်အောင် တရားဝင်နံပါတ်တွေ သတ်သတ်မှတ်မှတ် ထုတ်ပေးပြီးတော့

ရရှိသွားမယ်ဆိုလို့ရှိရင် သူတို့လုပ်ကိုင်နေတဲ့ လုပ်ငန်းတွေကိုလည်း ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။

နိုင်ငံတော် သမ္မတကြီးရဲ့ မိန့်ခွန်းပါအတိုင်း အုပ်ချုပ်သူ အဖွဲ့အစည်းများဟာ ပြည်သူဗဟိုပြုစဉ်းစားလုပ်ကိုင်နိုင်ရေးအတွက် လက်ရှိနိုင်ငံတစ်ဝန်းမှာရှိတဲ့ နာရေးအမည် အမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိတဲ့ Without မော်တော်ယာဉ်တွေကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကနေ တရားဝင် အသင်းအဖွဲ့ မှတ်ပုံတင်ထားတဲ့ အဖွဲ့အစည်းများကို ဖိတ်ခေါ်ပြီးတော့ စီးရေ ကန့်သတ်ချက်စသည်ဖြင့် အချိန်ကန့်သတ်ချက်တွေနဲ့ အခမဲ့ လိုင်စင်လုပ်ပေးလိုက်မယ်ဆိုရင် လူမှုရေးအသင်းအဖွဲ့များအတွက် အထူးပင် ဝမ်းမြောက် ဖွယ်ရာဖြစ်ပြီးတော့ ပြည်သူ့ဘဝ လိုအပ်ချက် တစ်ရပ် လစ်လပ်နေတဲ့ ကွက်လပ် တစ်ခုကို လည်း ဖြည့်ဆည်းပံ့ပိုးကူညီရာရောက်မယ်လို့ ယုံကြည်မျှော်လင့်မိတဲ့အတွက် အထက်ပါ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၅။**

**ဦးဇေယျာအောင် (ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ မေးမြန်းတဲ့ မေးခွန်းအတွက် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် က ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ မှ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ယာဉ်မောင်းနှင်ခြင်းမှ တားမြစ် ပေးရန် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိနှင့်

အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို ဖြေကြားပေးပါရန် မေးမြန်းထားတာ ဖြစ်ပါတယ်။

အလားတူမေးခွန်းမျိုးကို ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုနီ မှ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ယာဉ်မောင်းနှင်ခွင့် အသက်ကန့်သတ်ချက်များသည် နိုင်ငံတကာ စံနှုန်းဖြစ်ခဲ့လျှင် လျှော့ပေါ့၍ မရနိုင်ပါက အသက် မပြည့်သေးသောအရွယ်တွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ မောင်းနှင်ခြင်းမပြုကြရန် မည်ကဲ့သို့သော အစီအမံများ ချမှတ်၍ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်းမေးမြန်းခဲ့တဲ့အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် တည်ဆဲမော်တော်ယာဉ်ဥပဒေ/နည်းဥပဒေများကို ဖြည့်စွက်ပြင်ဆင်၍ ဖြစ်ပေါ်နေတဲ့ အခြေအနေများနှင့်အညီ ယာဉ်မောင်းနှင်ခွင့်ပြုထားသော အသက်ကန့်သတ်ချက်များ လျှော့ပေါ့၍ မောင်းနှင်ခွင့်ပြုခဲ့ကြောင်း၊ ယာဉ်မတော်တဆမှုများ လျှော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိစိတ်ကြွယ်ဝစေရေးအတွက် ပညာပေးအစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း ဖြေကြားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ နိုင်ငံအတွင်း မှတ်ပုံတင်ထားတဲ့ စုစုပေါင်း ယာဉ်စီးရေရဲ့ (၈၅)ရာခိုင်နှုန်းဟာ မော်တော်ဆိုင်ကယ်များ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ မော်တော်ဆိုင်ကယ်ကို မြို့ပြနှင့်ကျေးရွာအနှံ့အပြား တွင်ကျယ်စွာ အသုံးပြုလျက်ရှိခြင်း၊ အသုံးပြုရာတွင်လည်း လူငယ်လူရွယ်များက အများစုဖြစ်နေခြင်းကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာမှာ ယာဉ်မောင်းနှင်ခွင့်ပြုထားတဲ့ အသက် ကန့်သတ်ချက်များကို လေ့လာပြီး အသက်(၁၆)နှစ်ပြည့်ပြီးသူ၊ အမောင်းသင်လိုင်စင်ရယူပြီး သင်ကြားလေ့ကျင့်မှု ကာလ(၃)လကျော်လွန်သူအား ၁၁၀ စီစီနှင့်အောက် မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို နည်းဥပဒေပြင်ဆင်၍ ဆောင်ရွက်ပေးနေပြီ ဖြစ်ပါတယ်။ အသက် (၁၆)နှစ် ပြည့်/မပြည့်ကိုတော့ ယာဉ်မောင်းလိုင်စင်လာရောက်လျှောက်ထားသူက တင်ပြလာတဲ့ နိုင်ငံသားမှတ်ပုံတင် မူရင်းပါမွေးသက္ကရာဇ်ကို စစ်ဆေးပြီး အသက်ပြည့်ပြီးမှသာ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ထိုသို့ဆောင်ရွက်ပေးခဲ့ခြင်းဟာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းသွားလာရာမှာ အဓိက

အသုံးပြုနေတဲ့ မော်တော်ဆိုင်ကယ် စီးနင်းခြင်းကို ဥပဒေဖောက်ဖျက်တဲ့အဖြစ်မျိုး မဖြစ်ပေါ်စေဖို့အတွက်လည်း ရည်ရွယ်တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက်ကို မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အမျိုးသားကော်မတီ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အဲဒီလို ဖွဲ့စည်းခွင့်ရရှိရေးလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် အပြည့်ပြည့်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းစနစ် (၅)မျိုး ဖြစ်တဲ့ ပညာပေးခြင်းစနစ် (Education System)၊ စစ်ဆေးအရေးယူခြင်းစနစ် (Enforcement System)၊ အင်ဂျင်နီယာနည်းစနစ် (Engineering System)၊ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ ထိန်းသိမ်းခြင်းစနစ် (Environment System)နဲ့ အရေးပေါ်ဆေးအကူအညီပေးခြင်းနည်းစနစ် (Emergency Medical Service System)တို့နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ပညာပေးခြင်းစနစ်မှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ သိမြင်ခွင့်ရရှိစေဖို့အတွက် ရုပ်မြင်သံကြားမှ ပညာပေးဇာတ်လမ်းတိုတွေ၊ ကာတွန်းပညာပေးတွေ၊ ဉာဏ်စမ်းပြိုင်ပွဲတွေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ပညာပေးဗီဒီယိုဇာတ်ကားများ ထုတ်လွှင့်ပြသပေးခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြောပွဲများနဲ့ အခြေခံပညာနှင့် တက္ကသိုလ်ကောလိပ်ကျောင်းများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များသို့ ဖြန့်ခွဲသွားရောက်ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပိုစတာများ စိုက်ထူခြင်း၊ ယာဉ်မောင်းလိုင်စင် ဖြေဆိုသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရက်တိုသင်တန်းများ ဖွင့်လှစ်တက်ရောက်စေပြီးမှ ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်ပြုခြင်းစတဲ့ ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပါဝင်တဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (Road Safety Week)ကို အမျိုးသားလူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်နိုင်ဖို့အတွက် စီမံချက်တင်ပြဆောင်ရွက်စေခြင်း၊ အသက်ကန့်သတ်ချက်မပြည့်မီဘဲ ယာဉ်မောင်းနှင်ခြင်းမပြုနိုင်ရေး

အတွက် စာသင်ကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်ခန်းစာ တစ်ရပ် ထည့်သွင်းသင်ကြားပေးနိုင်ရန်နှင့် စည်းကမ်းမလိုက်နာသူများအား ဥပဒေနှင့်အညီ စစ်ဆေး အရေးယူနိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်စစ်ဆေး၍ ပညာပေး အရေးယူခြင်းများကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ မေးမြန်းထားတဲ့ မေးခွန်းအတွက် ကျွန်တော်ကပဲ ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ က ကြယ်ပွင့်ပြမေးခွန်းအဖြစ် နိုင်ငံတစ်ဝန်း မှာရှိတဲ့ မြို့တိုင်းနီးပါးတွင် ဖွဲ့စည်းတည်ထောင်ထားတဲ့ နာရေးကူညီမှုအသင်းများ ပိုင်ဆိုင်တဲ့ မော်တော်ယာဉ်များအား အခွန်ကင်းလွတ်ခွင့်ပြုပေးပြီး တရားဝင်လိုင်စင်နံပါတ်များ ထုတ်ပေး သွားရန်အချိန်သတ်မှတ်ချက်၊ စီးရေကန့်သတ်ချက်ဖြင့် ဖိတ်ခေါ်သွားရေး အစီအစဉ် ရှိ/မရှိ မေးမြန်းထားတာ ဖြစ်ပါတယ်။ အလားတူ နာရေးမော်တော်ယာဉ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုး က ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှာမေးမြန်းခဲ့ရာမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့က ပေါင်းစပ်ညှိနှိုင်းပြီး ဖြေကြားပေးရန် ပေးပို့ခဲ့ခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ယူဖြေကြား ခဲ့တာဖြစ်ပါတယ်။

ဒီလိုဖြေကြားရာမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လူနာတင် ယာဉ်တွေ၊ နာရေးယာဉ်တွေ တင်သွင်းခွင့်ပြုခြင်းနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီး ဌာနအပါအဝင် သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများရဲ့ လုပ်ငန်းလိုအပ်ချက်အရ တင်သွင်းတဲ့ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ တင်သွင်း ပါမစ်များ၊ လိုင်စင်များ ထုတ်ပေးလျက်ရှိပါကြောင်း၊ လူမှုရေးအသင်းအဖွဲ့၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ သာရေးနာရေးကူညီမှုအသင်းအဖွဲ့များအနေနဲ့ တင်သွင်းလိုပါက ၎င်းအသင်းအဖွဲ့၊ ဆေးရုံ၊ ဆေးခန်းများဟာ သက်ဆိုင်ရာဝန်ကြီးဌာနက တရားဝင်မှတ်ပုံတင်ခွင့်ပြုထားသော

အသင်းအဖွဲ့၊ ဆေးရုံ၊ ဆေးခန်းဖြစ်ရန်လိုအပ်ကြောင်းနဲ့ လျှောက်ထားမှုအပေါ် မော်တော်ယာဥ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီရဲ့ခွင့်ပြုချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနက တင်သွင်းခွင့်လိုင်စင်များ ထုတ်ပေးမှာဖြစ်ကြောင်း ဖြေကြားခဲ့တာ ဖြစ်ပါတယ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေနဲ့ လူမှုရေးအသင်းအဖွဲ့၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ သာရေးနာရေးကူညီမှုအသင်း များမှာ အသုံးပြုနေတဲ့ သူနာတင်ယာဥ်များ၊ နိဗ္ဗာန်ယာဥ်များကို ပြည်ပက မူလစက်ရုံထုတ် ပုံစံ သူနာတင်ယာဥ်၊ နိဗ္ဗာန်ယာဥ်များအပြင် ပြည်တွင်း၌လည်း ပြုပြင်ထားသော နိဗ္ဗာန်ယာဥ် များ၊ ထုတ်လုပ်ထားသော သူနာတင်ယာဥ်များကိုလည်း သတ်မှတ်ချက်နဲ့ကိုက်ညီလျှင် မှတ်ပုံတင် ပေးလျက် ရှိပါတယ်။ ၃၁-၁၂-၂၀၁၂ ရက်နေ့အထိ သူနာတင်ယာဥ်(၅၂၈)စီးနဲ့ နိဗ္ဗာန်ယာဥ် (၁၆၉)စီး မှတ်ပုံတင်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ပြည်ပက တရားဝင်တင်သွင်းလာတဲ့ သူနာတင်ယာဥ်များကို ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနက အကောက်ခွန် (၁)ရာခိုင်နှုန်းနဲ့ ကုန်သွယ်လုပ်ငန်းခွန် (၅)ရာခိုင်နှုန်း ကောက်ခံလေ့ ရှိပါတယ်။ သို့သော်လည်းပဲ အဆိုပါအသင်းအဖွဲ့များအနေဖြင့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ရရှိလိုပါက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရမှာ ဖြစ်ပါတယ်။ ရထား ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် သူနာတင်ယာဥ်များကို ၁၉၈၉ ခုနှစ်၊ မော်တော်ယာဥ် နည်းဥပဒေအပိုဒ် ၂၂(ဂ)(၃)အရ မှတ်ပုံတင်ကင်းလွတ်ခွင့်အဖြစ် နိုင်ငံပိုင်ဌာနအဖွဲ့အစည်း ဖြစ်သော ပြည်သူ့ဆေးရုံ၊ ဆေးပေးခန်းနဲ့ ကျန်းမာရေးဌာနများမှာ အများပြည်သူ ကျန်းမာရေး အတွက် အသုံးပြုတဲ့ သူနာတင်ယာဥ်များကိုသာ ခွင့်ပြုထားပြီးတော့ ပုဂ္ဂလိက အဖွဲ့အစည်း၊ ဆေးရုံ၊ အထူးဆေးကုခန်းများတွင် အခကြေးငွေယူ၍အသုံးပြုနေတဲ့ သူနာတင်ယာဥ်များ အတွက် ပြည်ပတင်သွင်းတဲ့ မှတ်ပုံတင်ခအဖြစ် (၁၀)ရာခိုင်နှုန်း ကောက်ခံလျက် ရှိပါတယ်။

ပြည်ပမှ တရားဝင်တင်သွင်းလာတဲ့ နိဗ္ဗာန်ယာဥ်များကို ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနက အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့် ပြုထားပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့်လည်း နိဗ္ဗာန်ယာဥ်အမျိုးအစားမှ အခြားယာဥ် အမျိုးအစားသို့ ပြန်လည်ပြောင်းလဲခွင့်မပြု ကန့်သတ်ချက်ဖြင့် ပြည်ပတင်သွင်းယာဥ် မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပြီးတော့ သီးခြားအမှတ်အဖြစ် နိဗ္ဗာန်၊ ၁၀၁ ကစပြီး

တင်သွင်းယာဉ် (၁၁)စီး မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ လိုင်စင်မဲ့ မော်တော်ယာဉ်များအနေနဲ့ မြို့ရွာများမှာ နာရေးကူညီမှုအတွက် တွင်ကျယ်စွာ အသုံးပြုနေခြင်းဟာ အတိုင်းအတာတစ်ခုအထိ လူထုအတွက် အဆင်ပြေအကျိုးရှိနေတာ မှန်ကန်ပါတယ်။ နိုင်ငံသားတိုင်းဟာလည်း နိုင်ငံတော်ရဲ့တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လိုက်နာ၍ တရားဝင်တင်သွင်းရောက်ရှိနေတဲ့ ယာဉ်များကိုသာ အသုံးပြုသွားရန် ဖြစ်ပါကြောင်းလည်း တင်ပြလိုပါတယ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ မော်တော်ယာဉ်များကို တရားဝင် မှတ်ပုံတင်ပေးရတဲ့ဌာနဖြစ်တဲ့အတွက် သူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်များအဖြစ် သတ်မှတ်အထောက်အထား၊ စာရွက်စာတမ်းများ အပြည့်အစုံပါရှိရင် မှတ်ပုံတင် ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ သူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်အဖြစ် အသုံးပြုနေသော်လည်းပဲ မှတ်ပုံတင်မဲ့ တရားမဝင် မော်တော်ယာဉ်များဖြစ်ပါက တည်ဆဲဥပဒေနဲ့အညီသာ ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ကလူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေနဲ့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ကော်မတီရဲ့လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်များကို ၂၈-၁-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး နဝမနေ့မှာ အစီရင်ခံတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီနေ့မှာပဲ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး (၂)ဦးက အကြံပြုဆွေးနွေးခဲ့တဲ့အတွက် လွှတ်တော်ရဲ့ တာဝန်ပေးချက်အရ အဆိုပါလွှတ်တော်ကိုယ်စားလှယ်ကြီး(၂)ဦးရဲ့ အကြံပြုချက်၊ ဆွေးနွေးချက်များအပေါ်မှာ ထပ်မံကြားနာ လေ့လာစိစစ်ပြီးတော့ အစီရင်ခံစာကို ပြန်လည်စိစစ်တင်ပြအပ်ပါတယ်။ ဒီအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော်က ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

၁။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ၂၈-၁-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့တွင် အစီရင်ခံစာ ဖတ်ကြားခဲ့ပါသည်။ ယင်းနေ့တွင်ပင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးက အကြံပြုဆွေးနွေးခဲ့ပါသည်။ ယင်းအကြံပြုဆွေးနွေးချက်များကို လွှတ်တော်က တာဝန်ပေးအပ်ချက်အရ ထပ်မံကြားနာလေ့လာစိစစ်၍ အစီရင်ခံတင်ပြအပ်ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အကြံပြုဆွေးနွေးသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တို့၏ ညှိနှိုင်းသဘောတူညီချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ -

(၁) ဤဥပဒေကြမ်း ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)၏နောက်တွင် အိမ်ထောင်စုဝင်အမည်နှင့် အရေအတွက် တိကျမှန်ကန်မှု ရှိစေရေးအတွက် ပုဒ်မခွဲ(ဂ) အဖြစ် စာရင်းကောက်သူသည် စစ်ဆေးစဥ် မျက်မြင်တွေ့ရှိသည့် အိမ်ထောင်စုဝင်များကိုသာ စာရင်းပုံစံတွင် ဖြည့်ရမည် ဟု ဖြည့်စွက်ရန် သဘောတူညီခဲ့ပါသည်။

(၂) ဤဥပဒေကြမ်း အခန်း(၄)၊ သန်းခေါင်စာရင်း ကောက်ယူခြင်းခေါင်းစဉ် အောက်ရှိ ပုဒ်မ ၁၃ တွင် ဖော်ပြထားသည့် သန်းခေါင်စာရင်းကောက်ယူထားသောအချက်အလက်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့်စာအုပ်များကို သန်းခေါင်စာရင်း ကောက်ယူရန် တာဝန်ရှိသူမှအပ မည်သူမျှ စစ်ဆေးခွင့် သို့မဟုတ် ကူးယူသိမ်းဆည်းခွင့် မရှိစေရ ဟူသော စကားရပ်နှင့် ပုဒ်မ ၁၄ တွင် ဖော်ပြပါရှိသည့် ဤဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စမှ တပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခွင့် သို့မဟုတ် စစ်ဆေးခွင့် မရှိစေရဟူသော စကားရပ်တို့သည် တားမြစ်ချက်များဖြစ်၍ အခန်း(၅) တားမြစ်ချက်များ အခန်းတွင် ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ အဖြစ် ပြောင်းလဲဖော်ပြသင့်ပြီး ယင်းတားမြစ်ချက်ကို ဖောက်ဖျက်ပါက ပြစ်ဒဏ် ထိုက်သင့်စေနိုင်ရန်အတွက် အခန်း(၆) ပြစ်မှုနှင့်ပြစ်ဒဏ်များအခန်း ပုဒ်မ ၁၉ တွင် မည်သူမဆို ပုဒ်မ၁၄၊ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း

ခံရလျှင် ထိုသူကို တစ်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ထည့်သွင်းဖော်ပြရန်နှင့် ပုဒ်မ ၁၅ ကို ပုဒ်မ ၁၃ အဖြစ် ပြောင်းလဲအမှတ်စဥ်ရန် သဘောတူညီခဲ့ပါသည်။

(ခ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ ဆွေးနွေးချက်များနှင့် စပ်လျဥ်း၍ -

(၁) ဤဥပဒေကြမ်း ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့် “စာရင်းကောက်က စာရင်းပုံစံများတွင် မှန်ကန်စွာ ဖြည့်သွင်းရန် တာဝန်ရှိသည်ဟူသော စကားရပ်အား စာရင်းကောက်ယူရာတွင် ပိုမိုတိကျမှန်ကန်မှုရှိစေရန်အတွက် စာရင်းပုံစံများ မှန်ကန်စွာ ဖြည့်သွင်းရန်ဟူသော စာသား၏ရှေ့တွင် ဖြေဆိုသူ၏ ဖြေကြားချက်များကိုသာ ဟူသော စာသားအား ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

(၂) ဤဥပဒေကြမ်း အခန်း(၄)၊ သန်းခေါင်စာရင်း ကောက်ယူခြင်း ခေါင်းစဥ်အောက်ရှိ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)၌ ဖော်ပြထားသည့် တပ်ရင်းတပ်ဖွဲ့ ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဥ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံ၊ လူမှုရေး၊ ဘာသာရေးနှင့် ပညာရေးဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ရှိသူဟူသော စကားရပ်တွင် လူမှုရေးအဖွဲ့အစည်းများနှင့် အခြား အဖွဲ့အစည်းများအား ခွဲခြားဖော်ပြရန် လိုအပ်သဖြင့် တပ်ရင်းတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဥ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံများ၏ တာဝန်ရှိသူဟူသော စာသားအား ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က) အဖြစ်လည်းကောင်း၊ လူမှုရေး၊ ဘာသာရေးနှင့် ပညာရေးဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ရှိသူ ဟူသော စာသားအား ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အဖြစ်လည်းကောင်း ခွဲခြားဖော်ပြပေးရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

(ဂ)ဤဥပဒေ၏ ခေါင်းစဉ်တွင် ၂၀၁၃ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေဟု ခုနှစ် ထည့်သွင်းသင့်ကြောင်း ဦးမောင်အေးထွန်း နှင့် ဒေါက်တာဗညားအောင်မိုးတို့မှ ဆွေးနွေးသည့်အပေါ် ဥပဒေကြမ်း ကော်မတီအနေဖြင့် ယင်းကဲ့သို့ ခုနှစ် ထည့်သွင်းမဖော်ပြခြင်းမှာ ယခု ဥပဒေမှာ ဥပဒေအသစ်ဖြစ်ပြီး ဥပဒေခေါင်းစဉ်များ တူမှသာ ခုနှစ်ကိုထည့်သွင်း ရမည် ဖြစ်သဖြင့် ယခု ဥပဒေ၏ ခေါင်းစဉ်အမည်ကို လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ ဟုသာ ထားရှိသင့်ပါကြောင်း ညှိနှိုင်းချက်အပေါ် ဆွေးနွေးသည့် ကိုယ်စားလှယ်(၂)ဦးမှလည်း သဘောတူ လက်ခံခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်ခေါင်းစာရင်း ဥပဒေကြမ်းအပေါ် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ၂၈-၁-၂၀၁၃ ရက်နေ့က လွှတ်တော်သို့ တင်ပြခဲ့သည့် မူလအစီရင်ခံစာတွင် ပါဝင်သည့်ဖော်ပြထားချက်များနှင့် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)နှင့် ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)တို့၏ ဆွေးနွေးချက်များ အနက် ဖော်ပြပါအချက်(၄)ချက်ကို လက်ခံသင့်ပါကြောင်းနှင့် ကျန်အကြံပြုချက်များကို မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီချက်များအား အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ရန် တင်ပြအပ်ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန် ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပြင်ဆင်ချက် -

**လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ**

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၄ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အခန်း(၁)၊ အခန်း ခေါင်းစဉ် ပြင်ဆင်ချက် -

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်**

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁) အခန်းခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁) အခန်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

အခန်း(၁)၊ အပိုဒ် ၁(ခ)၊ ၂(ဈ)၊ (ည) တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁(ခ)၊ ၂(ဈ)၊ (ည) ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁)၊ အပိုဒ် ၂(က)(င)(စ)(ဆ)၊ အခန်း(၂)၊ အပိုဒ် ၃ ၊ ၄

အခန်း(၁)၊ ၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကို ဆိုသည်။

(င) အိမ်ထောင်ဦးစီး ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ အိမ်ထောင်စုအတွက် ဦးစီးတာဝန်ယူရသူကို ဆိုသည်။

(စ) စာရင်းကောက်သူဆိုသည်မှာ သန်းခေါင်စာရင်းကောက်ယူရာတွင် သတ်မှတ်ထားသော စာရင်းကောက် နယ်နိမိတ်အတွင်း တစ်အိမ်တက်ဆင်း သွားရောက်ပြီး ပုံစံပါမေးခွန်းများကို မေးမြန်း၍ ပုံစံရေးသွင်းသူကိုလည်းကောင်း၊ ပုံစံနှင့် ရေးသွင်းနည်း ညွှန်ကြားချက်များကို အိမ်ထောင်စုတိုင်းသို့ ကြိုတင်ဝေငှထားပြီး အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်များ ကိုယ်တိုင် အဖြေများကိုရေးသွင်းစေ၍ ယင်းပုံစံများကို ပြန်လည်သိမ်းဆည်းသူကို လည်းကောင်း ဆိုသည်။

(ဆ) ကြီးကြပ်စစ်ဆေးသူဆိုသည်မှာ သန်းခေါင်စာရင်း ကောက်ယူရာတွင် သတ်မှတ်ထားသောဒေသအတွင်း စာရင်းကောက်သူများနှင့် ကောက်ယူထားသည့် စာရင်းများကို ကြီးကြပ်စစ်ဆေးသောသူကို ဆိုသည်။

အခန်း(၂)၊ ၃။ အစိုးရအဖွဲ့သည် - ဟု ပြင်ဆင်ထားပါတယ်။

၄။ သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိစေရန်အတွက် ကုလသမဂ္ဂစာရင်းအင်းကော်မရှင်က ကမ္ဘာတစ်ဝန်း အတည်ပြု သတ်မှတ်ထားသောမူများ၊ အကြံပြုချက်များကို ထည့်သွင်းဆောင်ရွက်ရမည်ဟုပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)(င)(စ)(ဆ)၊ အခန်း(၂)၊ အပိုဒ် ၃၊ ၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)(င) (စ)(ဆ)၊ အခန်း(၂)၊ အပိုဒ် ၃၊ ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃)၊ အပိုဒ် ၅၊ ၆၊ ၇၊ ၈(က)(ခ)(ဂ)(ဃ)၊ ၉(က)(ဂ)

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၃ အရ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ကို ဖွဲ့စည်းရမည်။

၆။ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးသည် ဗဟိုသန်းခေါင် စာရင်းကော်မရှင်၏ နာယက ဖြစ်သည်။

၇။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းရမည်။

၈။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သန်းခေါင်စာရင်းကောက်ယူရန် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းထုတ်ပြန်ခြင်းတို့ ပါဝင်သော သန်းခေါင်စာရင်း လုပ်ငန်းတစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရန် အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ဦးဆောင်မှုပေးခြင်း၊

( ခ) သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ပြည်သူ့အင်အားဦးစီးဌာန က တင်ပြသည့် အသေးစိတ်အစီအစဉ်နှင့် ညွှန်ကြားချက်များကို အတည်ပြုခြင်း၊

(ဂ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဗဟိုသန်းခေါင်စာရင်း ကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ခြင်း၊

၉။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မည်သည့် ရုံး၊ ဌာန၊ အဖွဲ့အစည်းနှင့် ကိုယ်စားလှယ်လုပ်ငန်းတို့ကိုမဆို တာဝန်ပေးအပ်ခြင်း၊

( ဂ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကြီးကြပ် စစ်ဆေးသူများနှင့် စာရင်းကောက်သူများကို ခန့်အပ်တာဝန်ပေးခြင်းနှင့် တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၅၊ ၆၊ ၇၊ ၈ (က) (ခ) (ဂ) (ဃ)၊ ၉(က)(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၅၊ ၆၊ ၇၊ ၈(က)(ခ)(ဂ)(ဃ)၊၉(က)(ဂ)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၄)၊ အပိုဒ် ၁၀၊ ၁၂(က)(ခ)(ဂ)၊ ၁၅(က)(ခ)

၁၀။ ဝန်ကြီးဌာနသည် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို သန်းခေါင်စာရင်း တာဝန်ခံ အရာရှိအဖြစ် ခန့်အပ်ရမည်။

၁၂။ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာတာဝန်ရှိအဖွဲ့၊ ကြီးကြပ်စစ်ဆေးသူများနှင့် စာရင်းကောက်သူများသည် တာဝန်ကျရာဒေသ၌ အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခွင့် နှင့် အဆောက်အအုံများတွင် လိုအပ်သည့် အမှတ်အသားများကို ပြုလုပ်ခွင့် ရှိသည်။

(ခ) စာရင်းကောက်သူက သတ်မှတ်ထားသော ဒေသအတွင်းရှိ ပြည်သူများအား သတ်မှတ်ထားသော မေးခွန်းများ မေးမြန်းခြင်းနှင့် သတ်မှတ်ထားသော စာရင်းပုံစံများတွင် ဖြည့်သွင်းစေခြင်းများ ဆောင်ရွက်ရာ၌ မေးခွန်းမေးမြန်းခြင်းခံရသူသည် မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုရန်နှင့် ဖြေဆိုသူ၏

ဖြေကြားချက်များကိုသာ စာရင်းပုံစံများတွင် မှန်ကန်စွာ ဖြည့်သွင်းရန် တာဝန်ရှိသည်။

(ဂ ) စာရင်းကောက်သူသည် စစ်ဆေးစဥ် မျက်မြင်တွေ့ရှိသည့် အိမ်ထောင်စုဝင်များကိုသာ စာရင်းပုံစံတွင် ဖြည့်ရမည်။

(ဃ) မေးခွန်းကိုဖြေဆိုသူသည် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင် ဖြစ်ရမည်။

၁၃။ ဗဟိုသန်းခေါင်စာရင်းကော်မရှင် က သန်းခေါင်စာရင်း ကောက်ယူရန် အလို့ငှာ ကြီးကြပ်စစ်ဆေးသူများနှင့် စာရင်းကောက်သူများ ခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ အောက်ပါပုဂ္ဂိုလ်များနှင့် ညှိနှိုင်း၍ ကြီးကြပ်စစ်ဆေးသူများနှင့် စာရင်းကောက်သူများအဖြစ် ခန့်အပ် တာဝန်ပေးနိုင်သည် -

(က)တပ်ရင်းတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဥ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံများ၏ တာဝန်ရှိသူ၊

(ခ ) လူမှုရေး၊ ဘာသာရေးနှင့် ပညာရေးဆိုင်ရာဌာနအဖွဲ့အစည်းများ၏ တာဝန်ရှိသူ၊

(ဂ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ စုပေါင်းအိမ်ရာ၊ စုပေါင်းပိုင် အဆောက်အအုံ၊ အဆောင်၊ အသင်းအဖွဲ့ပိုင် အဆောက်အအုံ စသည်တို့၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀၊ ၁၂(က)(ခ)(ဂ)၊ ၁၅(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀၊ ၁၂(က)(ခ)(ဂ)(ဃ)၊ ၁၃(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အပိုဒ် ၁၃၊ ၁၄ ကို အခန်း(၅)၊ အပိုဒ် ၁၄၊ ၁၅ အဖြစ် ပြောင်းလဲ အမှတ်စဉ် ထားပါတယ်။

ဒီ ပြောင်းလဲအမှတ်စဉ်ထားခြင်းကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၅)၊ အပိုဒ် ၁၄၊ ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၅)၊ အပိုဒ် ၁၆(က)(ခ)၊ ၁၇(က)၊ ၁၈

၁၆။ မည်သူမျှ -

(က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့၊ ကြီးကြပ်စစ်ဆေးသူများနှင့် စာရင်းကောက်သူများက သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် အဆောက်အအုံအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခြင်း

နှင့် အဆောက်အအုံများတွင် လိုအပ်သည့်အမှတ်အသားများ ပြုလုပ်ခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ်ဟန့်တားခြင်း မပြုရ။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ မေးမြန်းသော မေးခွန်းများ ဖြေဆိုရန်နှင့် သတ်မှတ်ထားသော မေးခွန်းပုံစံတွင် ဖြည့်သွင်းရန် ငြင်းဆိုခြင်း၊ မှားယွင်းစွာ ဖြေဆိုခြင်း သို့မဟုတ် မှားယွင်းစွာ ဖြည့်သွင်းခြင်း မပြုရ။

၁၇။ မည်သည့် ကြီးကြပ်စစ်ဆေးသူ သို့မဟုတ် စာရင်းကောက်သူမျှ -

(က) သန်းခေါင်စာရင်း ကောက်ယူရေးနှင့် စပ်လျဉ်း၍သည့် ပေးအပ်သော လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်း မရှိရ။

၁၈။ မည်သူမျှ စာရင်းကောက်သူအဖြစ် အယောင်ဆောင်ခြင်း မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၆(က)(ခ)၊ ၁၇(က)၊ ၁၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၆(က)(ခ)၊ ၁၇(က)၊ ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၆)၊ အပိုဒ် ၁၉၊ ၂၀၊ ၂၁

၁၉။ မည်သူမဆို ပုဒ်မ ၁၄၊ ပုဒ်မ ၁၅နှင့် ပုဒ်မ ၁၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သည့် ကြီးကြပ်စစ်ဆေးသူ သို့မဟုတ် စာရင်းကောက်သူ မဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်ငါးသိန်း ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၉၊ ၂၀၊ ၂၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၉၊ ၂၀၊ ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၇)၊ အပိုဒ် ၂၄၊ ၂၅

၂၄။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်၊ ဗဟိုသန်းခေါင်စာရင်းကော်မတီဝင်၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်၊ ကြီးကြပ်စစ်ဆေးသူ၊ စာရင်းကောက်သူ နှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များကို တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်သည်။

၂၅။ အစိုးရအဖွဲ့သည် သန်းခေါင်စာရင်း ကောက်ယူရန် လိုအပ်သော ရုံးဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၄၊ ၂၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၄၊ ၂၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်နှင့် နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်နှင့် နိဒါန်း သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈ ၊ နည်းဥပဒေခွဲ(က)အရ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကိုယ်စား ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့် က ၂၀၁၄ ခုနှစ်မှာ ဆောင်ရွက်မယ့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းမှာ အသုံးပြုနိုင်ရန်အတွက် လက်ရှိခေတ်စနစ်နှင့် ကိုက်ညီမှု မရှိတော့သည့် ၁၉၇၂ ခုနှစ် သန်းခေါင်စာရင်းဥပဒေကို ပြင်ဆင်ရေးဆွဲထားသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီးမှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း မှ ထောက်ခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန်ဖြစ်ပါတယ်။ ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်သည်။ အဆိုအတည် ဖြစ်တဲ့အတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။ (ဩဘာသံများ)

# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဆက်သွယ်ရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀) ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က)အရ ဆက်သွယ်ရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကိုယ်စား ဆက်သွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကြီးကနေပြီးတော့ ဆွေးနွေးစဉ်းစားပေးပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆက်သွယ်ရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းအပေါ်မှာ ကျွန်တော် ဦးအောင်ချိုဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ဆက်သွယ်ရေးဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်သွယ်ရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/ မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ဆက်သွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ဆက်သွယ်ရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်သွယ်ရေးဥပဒေကြမ်းကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၃-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် နေ့ရက်ကို သီးခြား သတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ယခု အစည်းအဝေးကို မိနစ်(၂၀) ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၁၅) နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်း ရခိုင်ပြည်နယ်၌ ဘက်လီဆူပူမှုကြောင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပေါ် ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နယ်စပ်လုံခြုံရေး၊ နယ်မြေ အုပ်ချုပ်ရေးနှင့် လူဝင်လူထွက် စီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာမြောက် ရေတို၊ ရေရှည် အထူးအစီအမံတို့ဖြင့် ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၃)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က ၂၀၁၂ခုနှစ်၊

ဇွန်လအတွင်း ရခိုင်ပြည်နယ်၌ ဘက်လိုက်ဆူပူမှုကြောင့် ဖြစ်ပွားခဲ့သည့်ပဋိပက္ခများအပေါ် ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နယ်စပ်လုံခြုံရေး၊ နယ်မြေအုပ်ချုပ်ရေးနှင့် လူဝင်လူထွက် စီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာမြောက်ရေတို၊ ရေရှည်အထူးအစီအမံတို့ဖြင့် ဦးစားပေးဆောင်ရွက်ရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဒေါက်တာအေးမောင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေဖို့ မေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအဆိုနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကို တင်ပြခဲ့တာဆိုတော့ အခု (၇)လတင်းတင်းပြည့်တဲ့ ဒီနေ့မှာ ဆွေးနွေးခွင့်ရတာကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့် အဆိုမှာ တင်ပြထားသလိုပါပဲ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ အဓိကအားဖြင့် တို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီးကာမှ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ နံပါတ်(၃)အချက်ကို ဦးတည်ပြီးကာမှ ကျွန်တော်တို့ ဆောင်ရွက်ကြိုးပမ်းနေကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ဒီမှာအသုံးအနှုန်းလေးတွေ စာရွက်ပေါ်မှာရေးထားရုံနဲ့ မလုံလောက်တော့ပေမယ့် ကျွန်တော်တို့ရဲ့ ဒီအချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကအရေးကြီးတဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မြဲရေးအတွက် အချင်းချင်းဖြစ်နေကြတဲ့ ပြည်တွင်းပဋိပက္ခတွေကို ရပ်ဆိုင်းပြီးကာမှ တကယ့်တကယ် အရေးကြီးတဲ့ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲဖို့အတွက် လိုအပ်တဲ့ ကဏ္ဍလေးတွေကို ကျွန်တော်တို့ရဲ့ သေနတ်ပစ်ဖောက်မှု တစ်ခုမှမလုပ်ရဘဲနဲ့ ဆုံးရှုံးသွားမယ့်ကဏ္ဍလေးတွေကို သတိပြုဖို့၊ သတိမူမိဖို့အချိန် ရောက်ပြီဆိုတာလေးနဲ့ ကျွန်တော် ဒီအဆိုကို ရည်ရွယ်ချက်ပေါင်းများစွာနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။

ဒီအဆိုနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကဏ္ဍ(၃)ခု ခွဲပြီး တင်ပြချင်ပါတယ်။ (၁)ကတော့ဖြင့် ဘာကြောင့်ဖြစ်ရသလဲဆိုတဲ့ Root Course ပါ။ ကျွန်တော်

လေ့လာသုံးသပ်ပြီးကာမှ အချက်(၇)ချက်လောက်ကို တွေ့ပါတယ်။ နောက် ဒါကြီးကို မှီပြီးကာမှ နောက်ဖြစ်ပွားလာနိုင်တဲ့ အချက်(၄)ချက်လောက်ကို ကျွန်တော် သုံးသပ်တင်ပြထားပါတယ်။ ပြီးတဲ့အခါမှာ ရေတိုရေရှည်နဲ့ပတ်သက်လို့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို သုံးသပ်တဲ့အခါမှာ ထည့်သွင်းစဉ်းစားပေးဖို့အတွက် ကျွန်တော် အချက် (၁၂)ချက်လောက်ကို အကြံပြု တင်ပြရင်းနဲ့ ဒီအဆိုကို ကျွန်တော် တင်သွင်းရခြင်း ဖြစ်ပါတယ်။

ပထမ ဒီဖြစ်ပွားရတာနဲ့ ပတ်သက်လို့ အခြေခံပင်မအကြောင်းအရင်းတွေကို (၇)ချက်လောက် သုံးသပ်ထားတာကို တင်ပြချင်ပါတယ်။ ဒီကျောက်နီမော် ဖြစ်စဉ်ပြီးတဲ့နောက်မှာ ပြီးခဲ့တဲ့ကာလမှာ သိကြပြီးတဲ့အတိုင်း တောင်ကုတ်မှာ ဖြစ်ပွားခဲ့ပါတယ်။ တောင်ကုတ်ဖြစ်စဉ်ကို မူတည်ပြီးကာမှ ကျွန်တော်တို့ရဲ့ နယ်စပ်ဒေသဖြစ်တဲ့ မောင်တော၊ ဇွန်လ ၈ ရက်နေ့မှာ စပြီးတော့ ဖြစ်ပွားတဲ့ဖြစ်စဉ်ဟာ စစ်တွေကို ကူးစက်၊ အဲဒီနောက်မှာ စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်၊ ပေါက်တော စသဖြင့် ဒေသတော်တော်များများမှာ ဘင်္ဂလီနဲ့ ခုန ရခိုင်ပဋိပက္ခတွေဟာ ဖြစ်ဖြစ်ပြီးကာမှ အခုဆိုရင် ဒုတိယလှိုင်းဖြစ်တဲ့ အောက်တိုဘာဖြစ်စဉ် ကူးစက်သွားပါပြီ။ နောက် တတိယ မဖြစ်ဖို့အတွက် တည်ငြိမ်အေးချမ်းမှုကို ကြိုးစားတည်ဆောက်နေကြတဲ့ ကာလမှာ ခုလို တင်ပြခွင့်ရတာလေးပဲ အင်မတန် ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ် ဆိုတာကို ပြောချင်ပါတယ်။

အဲဒီတော့ ကျွန်တော် တွေ့ရှိတဲ့ Root Course (၇)ချက်က (၁) ကျွန်တော်တို့ရဲ့ ဒါ ဗြိတိသျှခေတ်ကတည်းက ရှိပါတယ်။ ကုလား၊ ဗမာပဋိပက္ခ ဖြစ်ဖူးတာ ရှိပါတယ်။ ဒီအတိုင်း သုံးနှုန်းကြပါတယ်။ အဲဒီတော့ ပြီးခဲ့တဲ့အစိုးရအဆက်ဆက်ဟာ ဒီဘင်္ဂလီပြဿနာ၊ အထူးသဖြင့် ရခိုင်တွေနဲ့ပတ်သက်တဲ့ နိုင်ငံရေးပြဿနာကို ထိန်းညှိလိုတဲ့အခါမှာ ဘင်္ဂလီပြဿနာနဲ့ ထိန်းညှိတဲ့အစဉ်အလာ ရှိခဲ့ပါတယ်။ ဒါဟာလည်းပဲ ကျွန်တော်တို့ရဲ့ သမိုင်းအားဖြင့် မှားတဲ့ ပထမအမှားတစ်ချက်လို့ သုံးသပ်ပါတယ်။

နောက်သိတဲ့အတိုင်းပါ၊ နယ်စပ်ဒေသဆိုတာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုရဲ့ တနံတလျားမှာ အင်မတန် ကျယ်ပြန့်တဲ့အခါမှာ လူဝင်လူထွက်ကအစ လုံခြုံရေးအဆုံး အကုန်လုံးကို ကျွန်တော်တို့ စီမံခန့်ခွဲနိုင်မှု အားနည်းချက်ရှိကြတဲ့အခါမှာ ဒီလူဝင်မှု ကြီးကြပ်ရေး အပါအဝင် သက်ဆိုင်တဲ့ဒေသအာဏာပိုင်အဆင့်ဆင့်ရဲ့ လာဘ်ပေးလာဘ်ယူမှု၊

အဂတိလိုက်စားမှု စတဲ့ Mismanagement ဒီ တရားမဝင် ဘင်္ဂလီတွေ ခိုးဝင်လာတာကို မတားဆီးနိုင်တာတွေ၊ နောက် ဘင်္ဂလီတို့ရဲ့ မမှန်မကန် နိုင်ငံသားဖြစ်လိုမှုဆိုတဲ့ဥစ္စာကို နိုင်ငံသားအဖြစ် ရယူနိုင်ခဲ့တဲ့အထိ စီမံခန့်ခွဲမှုဟာ ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေး ဆိုင်ရာ အားနည်းချက်တွေကြောင့် ကျွန်တော်တို့ ဘင်္ဂလီဦးရေ ကြောက်ခမန်းလိလိ တိုးတက် လာတယ်လို့ ကျွန်တော်တို့ သုံးသပ်တယ်။ အဲဒီသုံးသပ်ချက်ဟာလည်း ဒုတိယအကြောင်းအရင်း တစ်ခုလို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။

နောက် ပြီးခဲ့တဲ့အစိုးရ အဆက်ဆက်ရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ကျွန်တော်တို့ရဲ့ ပြည်တွင်းပြည်ပမှာရှိတဲ့ Activist တွေက စစ်မျက်နှာအမျိုးမျိုး ဖွင့်ပြီးကာမှ လူ့အခွင့်အရေး ချိုးဖောက်နေရတဲ့ ပြဿနာကို ရှေ့တန်းတင်ပြီးတဲ့အခါမှာ အစိုးရ အဆက်ဆက်ကို တိုက်ခိုက်မှုတွေဟာ အမေရိကန်၊ ဥရောပ အပါအဝင် နိုင်ငံပြင်ပမှာ ရှိကြတဲ့အခါမှာ ဒါကို အခွင့်ကောင်းယူပြီးကာမှ ဘင်္ဂလီတွေက သမိုင်းလိမ် ဖန်တီးပြီးကာမှ ကျွန်တော်တို့ရဲ့ ရိုဟင်ဂျာ လူ့အခွင့်အရေးချိုးဖောက်ခံရမှုတို့၊ နိုင်ငံသားဖြစ်လိုမှုတို့ဆိုတဲ့ ဦးတည်ချက်နဲ့ ကျွန်တော်တို့ စစ်မျက်နှာ ဖွင့်လာကြတဲ့အခါမှာ ရခိုင်ပြည်ကြီးရဲ့ ရှေးက တည်ရှိခဲ့တဲ့ သမိုင်းအခြေခံအချက်အလက်တွေ၊ သမိုင်းရဲ့ဖြစ်စဉ်တွေကို ဂဃနဏ သေသေ ချာချာ ကျွန်တော်တို့ သုံးသပ်ခြင်းမရှိဘဲနဲ့ လူ့အခွင့်အရေး မရဆိုတဲ့ဥစ္စာလေး အောက်မှာ ဒီတိုင်းရင်းသားဖြစ်လိုတဲ့အခွင့်အရေးကို အသုံးချခံခဲ့ကြရတာဟာလည်းပဲ ဒါ တတိယအမှား တစ်ခုလို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။

နောက် သိကြပြီးတဲ့အတိုင်းပါ၊ ၁၉၉၀ ပြည့်လွန် ကာလလောက်မှာ ကျွန်တော်တို့ရဲ့ စိစစ်မှုတချို့၊ ခိုးဝင်မှုတချို့ ရှိခဲ့တော့ စိစစ်မှုတချို့ ရှိခဲ့တဲ့အခါမှာ အစုလိုက် အပြုံလိုက် ပြည်ပဘက်ကို ထွက်ပြေးကြတဲ့ ဖြစ်စဉ်တွေလည်း ရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဒုက္ခသည်ပြဿနာ နိုင်ငံတွင်းကို ပြန်လည်နေရာချထားရေး ပြဿနာနဲ့ လူသားချင်းစာနာ ထောက်ထားတယ်ဆိုတဲ့ အကူအညီနဲ့ ကုလသမဂ္ဂအပါအဝင် ကျွန်တော်တို့ရဲ့ နိုင်ငံတကာ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းတွေဟာ အသုတ်လိုက်၊ အသုတ်လိုက် ကျွန်တော်တို့ရဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းကို ဝင်လာကြပါတယ်။

အထူးသဖြင့် UNHCR တို့၊ WFP တို့ နောက် ပွင့်ပွင့်လင်းလင်းပြောရင် FAO အပါအဝင် နောက် UN Agency တွေ လာပါတယ်။ နောက် INGO က ပြန်ကြည့်တဲ့အခါ အများကြီးပါ။ AZG တို့၊ ACF တို့၊ BAJ တို့ နောက် GRET တို့၊ MSF တို့၊ AMI စတဲ့ INGO တွေကလည်း အများကြီးလာတဲ့အခါမှာ သူတို့ ဘာကို ဦးတည်သလဲဆိုရင် ရိုဟင်ဂျာနှင့် အစ္စလာမ် ထောက်ထားညှာတာရေးဆိုတဲ့ ဦးစားပေး အစီအစဉ်တွေကို ရေးဆွဲပြီးကာမှ ဒီဘက်မှာရှိတဲ့ လူအများစုက လူနည်းစုဖြစ်သွားရတဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ ကဏ္ဍကို မေ့ပျောက်ပြီးကာမှ ဒီဖက်က အနှစ်(၂၀)ကျော်လောက် တစ်ဖက်စောင်းနင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အကူအညီတွေ အလွန်အကျွံပေးလာတဲ့ နောက်ပိုင်းမှာ ဒီဖက်မှာရှိတဲ့ ခုန တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေကို လျစ်လျူရှုပြီးကာမှ ပြီးတဲ့နောက်ပိုင်းမှာ ဒီ NGO အပါအဝင် UN Agency မှာ ပါဝင်နေကြတဲ့ ဘင်္ဂလီဝန်ထမ်းတွေကိုယ်တိုင်ကိုက ဒီလှုပ်ရှားမှုတွေမှာ နိုင်ငံရေးနဲ့နွှယ်တဲ့ လှုပ်ရှားမှုတွေကို ပေါ်ပေါက်လာခဲ့ပြီးကာမှ၊ ပြည်တွင်း၊ ပြည်ပချိတ်ဆက်ပြီးကာမှ လှုပ်ရှားလာကြတဲ့ နောက်ပိုင်းမှာ ဒီပဋိပက္ခဟာပိုပြီး မီးလောင်ရာ လေပင့် သွက်လက်လှုပ်ရှားလာတယ်လို့ သုံးသပ်ရပါတယ်။ ဒါကို ကျွန်တော် စတုတ္ထအချက်အနေနဲ့ မြင်မိပါတယ်။

နောက် ပဥ္စမအချက်အနေနဲ့ ကျွန်တော် ပြန်ကြည့်တဲ့အခါ ကျွန်တော်တို့ ဆင်ခြင်ဖို့ ကောင်းတဲ့ ယခင်အစိုးရအဆက်ဆက်ရဲ့ အမှားတွေကို ကျွန်တော် တွေ့ရပါတယ်။ အထူးသဖြင့် ဘင်္ဂလီများက ဒီအမှားတွေကို လိမ္မာပါးနပ်စွာ အသုံးချခဲ့တာ တွေ့ရပါတယ်။ အထူးသဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့ ဆန္ဒခံယူပွဲ လုပ်တဲ့အခါမှာ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအရ နိုင်ငံသား မခိုင်မာတဲ့သူတွေကို ၁၉၈၂ ခုနှစ်၊ နိုင်ငံသား ဥပဒေမှာပါတဲ့ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုနိုင်ဆိုတဲ့ဥစ္စာမပါတဲ့ ပုဂ္ဂိုလ်တွေ ယာယီနိုင်ငံသားဆိုတဲ့ အဖြူကတ်တွေကို ပေးပြီးကာမှ မဲပေးခွင့် ပေးခဲ့ကြတာ ရှိပါတယ်။

နောက်တစ်ချက် အဲဒီပုဂ္ဂိုလ်တွေက ပါတီတည်ထောင်ခွင့်တို့၊ ပါတီမှာ ခုနလို ပါဝင်ခွင့်တို့၊ ဆန္ဒမဲပေးခွင့်တို့ကို ဒီယာယီဆိုတဲ့ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေမှာမပါတဲ့ ဥစ္စာလေးနဲ့ နိုင်ငံသားစိစစ်ရေးကတ် ပေးခဲ့တဲ့သဘော တွေ့ရှိရပါတယ်။ နောက်တစ်ခုက ဒီကိုင်ဆောင်ထားတဲ့ပုဂ္ဂိုလ်တွေ မွေးဖွားလာစဥ်တုန်းက နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားရ

မယ်ဆိုတဲ့ ခုနကဥပဒေသော ရှိပေမယ်လို့လည်းပဲ၊ ဒါ အကြောင်းကြောင်းတွေနဲ့ ဘူးသီးတောင်၊ မောင်တောဒေသတွေမှာ ရွေးကောက်ပွဲမှာဝင် လွှတ်တော်အမတ်တွေ ဖြစ်သွားကြတဲ့ ဒါ လက်ရှိအခြေအနေကို သုံးသပ်ကြတဲ့အခါ ဒီအချက်(၃)ချက်ဟာလည်းပဲ ခုန ကျွန်တော်တင်ပြခဲ့တဲ့ အချက် နံပါတ်(၅)ကြီးထဲမှာပါတဲ့ Root Course ကို သုံးသပ်ပါတယ်။

နံပါတ်(၆)ကတော့ ဒီ ဘင်္ဂလီတွေဟာ ကျွန်တော်တို့ရဲ့ ဒီမိုကရက်တစ် ခေတ်မီတဲ့ နိုင်ငံတော်ကြီးတစ်ခုကို တည်ဆောက်တော့မယ်လို့ ကျွန်တော်တို့ရဲ့ အစီအစဉ်တွေ ရောက်လာတဲ့အခါမှာ ဒီ Identity၊ သူတို့ရဲ့ အမျိုးသား Identity ကို မြှင့်ပြီးကာမှ ဘင်္ဂလီဟာ တိုင်းရင်းသားဖြစ်တယ်ဆိုတဲ့ ဒီဖက်က ဦးတည်ချက်နဲ့ သူတို့ရဲ့ ဟိုတုန်းကဆွေးနွေးခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ကို ဖဲ့ခွဲပြီးကာမှ ပါကစ္စတန်မှာ ပေါင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်က ခွဲပြီးကာမှ ဒီ Autonomous ဧရိယာတစ်ခုသတ်မှတ်ချင်တဲ့သဘောနဲ့ တိုင်းရင်းသားဖြစ်လိုတဲ့ဆန္ဒကို လွှန်လွှန်ကဲကဲ သုံးလာတာကို တွေ့ရတာဟာ ကျွန်တော် နံပါတ်(၆)ချက်အနေနဲ့ တွေ့ရပါတယ်။

နောက်နံပါတ်(၇)အနေနဲ့ပြန်ကြည့်တဲ့အခါမှာ ဒါဟာ ဘင်္ဂလီတို့ရဲ့ မဟာဗျူဟာမြောက် ရည်မှန်းချက်ဖြစ်ပါတယ်။ ဘာသာရေးအယူအရ လူအများစုဖြစ်ရန် ရည်ရွယ်ချက် ဖြစ်ပါတယ်။ ဘာသာရေးကို အကြောင်းပြပြီးကာမှ ဇနီးမယား များစွာယူခြင်း၊ အလွန်အကျွံ ကလေးမွေးဖွားမှု၊ အသက်မပြည့်ဘဲ အိမ်ထောင်ပြုမှုဆိုတာတွေကို ကျွန်တော်တို့ အုပ်ချုပ်ရေး အာဏာပိုင်တွေရဲ့ ပျော့ကွက်၊ ဟာကွက်တွေကို သုံးပြီးကာမှ လာဘ်ပေးလာဘ်ယူမှု အများကြီးလုပ်ပြီးကာမှ ကျွန်တော်တို့ရဲ့ နယ်စွန်နယ်ဖျားတွေမှာ တွေ့ရပါတယ်။ နောက် အာရဗီတက္ကသိုလ်တွေ၊ ကျွန်တော်တို့ရဲ့ ဘာသာရေးကျောင်းတွေ အလွန်အကျွံ ကျွန်တော်တို့ရဲ့ ဒီဥပဒေပြင်ပကနေပြီးကာမှ တည်ထောင်ပြီးကာမှ ခွင့်ပြုချက်မဲ့ထားပြီးကာမှ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး အလှူရှင်များရဲ့ ဘဏ္ဍာငွေကိုသုံးပြီးကာမှ တည်ထောင်လာကြတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

အဲဒီကထွက်တဲ့ ပုဂ္ဂိုလ်တွေဟာလည်းပဲ ခုန တာလီဘန် ပုံစံမျိုးနဲ့ လူငယ်လူရွယ်တွေနဲ့ ပြီးခဲ့တဲ့ ဇွန် ၆ ရက်နေ့မှာ ဖြစ်သွားခဲ့တဲ့ ပြဿနာကို ပြန်စဉ်းစားကြည့်တဲ့အခါမှာ

လူငယ်လူရွယ်တွေဟာ စစ်သွေးကြွ၊ တက်ပြီးကာမှ ရခိုင်တွေရဲ့ အိမ်တွေကို လာရောက်ပြီး ကာမှ ပထမဆုံးလှုံ့ဆော်ခဲ့တယ် ဆိုတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ဆိုတော့ ဒီအချက်တွေကို ပြန်သုံးသပ်တဲ့အခါမှာ ဒီဥစ္စာဟာ ဒီ Root Course ကျွန်တော် တွက်ထင်ထားတဲ့ (၇)ချက်ဟာ အခြေခံအကြောင်းရင်း (၇)ချက်ဟာ တစ်ပြိုင်တည်း တစ်ချိန်တည်းဖြစ်အောင် ကျွန်တော်တို့က ဒါ စနစ်တကျ ဖောက်ခွဲတယ်။ သို့မဟုတ် အချိန်ကိုက် ဖောက်ခွဲလာတဲ့ အစီအစဉ်ကောင်း တစ်ခုလို့ပဲ ကျွန်တော် သုံးသပ်ပါတယ်။

အဲဒီလိုပဲ ဒုတိယတစ်ကြိမ်ဖြစ်တဲ့ Second Wave မှာ အောက်တိုဘာမှာ ဖြစ်စဉ်ကို ပြန်ကြည့်ရင်လည်းပဲ ဒါစနစ်တကျ အချိန်ကိုက်ဖောက်ခွဲမှုဖြစ်တယ်လို့ ကျွန်တော် Root Course ကို တင်ပြရခြင်း ဖြစ်ပါတယ်။ ဆိုတော့ ဒါနဲ့ပတ်သက်လို့ နောက်ဘယ်လိုဖြစ်နိုင် သလဲဆိုတာကို ကျွန်တော် လွန်ခဲ့တဲ့ ဇူလိုင်လတုန်းက တင်ပြခဲ့စဉ်တုန်းက အချက်(၄)ချက် ကို ပြန်ဖတ်ပြချင်ပါတယ်။

ကျွန်တော်တို့ လုံခြုံရေးအားနည်းတဲ့ နယ်စပ်ဒေသအပါအဝင် ကုန်းလမ်း၊ ရေလမ်း နဲ့ပတ်သက်တဲ့ ဆက်စပ်တဲ့ဧရိယာ အတော်များများမှာ ပြည်ပက ကျူးကျော်လာတဲ့ သို့မဟုတ် အတွင်းမှာရှိတဲ့ လူတွေရဲ့ လှုံ့ဆော်မှုတွေနဲ့ ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်နိုင် တယ်။ ခုနက မီးရှို့မှု၊ ဓားပြတိုက်မှု၊ လုယက်မှု၊ ကျွဲနွားခိုးမှု၊ အမျိုးသမီးလေးတွေကို မုဒိမ်းကျင့်မှု စတဲ့ သတ်ဖြတ်မှုတွေ ပေါ်ပေါက်လာနိုင်တယ်ဆိုတာကို (၁)အချက်အနေနဲ့ တွေ့ရှိပါတယ်။ (၂)အချက်က လယ်ယာလုပ်ငန်းခွင် ကျွန်တော်တို့ရဲ့ ခုနလို သစ်၊ဝါးခုတ်တဲ့ လုပ်ငန်းခွင်၊ နောက် ကျွန်တော်တို့ရဲ့ ပင်လယ်ပြင်လုပ်ငန်းခွင်တွေမှာ ဝင်ရောက်ပြီးကာမှ ဖျက်ဆီးတာတို့၊ ကုန်းလမ်း၊ ရေလမ်းသွားလာမှုကို လုယက် သတ်ဖြတ်တာတို့၊ လူဦးရေအရ နည်းပါးတဲ့ တိုင်းရင်းသားကျေးရွာလေးတွေကို လုံးဝစွန့်ခွာသွားနိုင်အောင် ဖိအားပေးတာတို့ ဖြစ်ပေါ်လာနိုင်တယ်လို့ သုံးသပ်ပါတယ်။

နံပါတ်(၃)အချက်ကတော့ဖြင့် ဘင်္ဂလီတွေဟာ ရိုဟင်ဂျာ တိုင်းရင်းသား ဖြစ်ရေး ဆိုတဲ့ လူ့အခွင့်အရေးပြချက် အနုနည်းအခြေခံတဲ့ ကျွန်တော်တို့ရဲ့ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာရဲ့ ဖိအားပေးမှုကို မရတော့ဘူးလို့ သုံးသပ်တဲ့ကာလမှာ ခုနက ကျွန်တော် တင်ပြခဲ့တဲ့ တာလီဘန်ပုံစံ အစွန်းထွက် အဖွဲ့အစည်းတွေဟာ အစွန်းရောက်

အဖွဲ့အစည်းတွေဖြစ်တဲ့ အယ်ကိုင်ဒါတို့ ဂျမားအစ္စလာမ်မစ် စတဲ့ အကူအညီနဲ့ လက်နက်ကိုင်ပဋိပက္ခအသွင် ဖန်တီးလာနိုင်တယ်ဆိုတာကို သုံးသပ်ပါတယ်။ အခုဆိုရင်လည်းပဲ သိကြပြီးတဲ့အတိုင်း မိုင်တိုင်(၅၀)၊ (၅၁)လောက်ပတ်ဝန်းကျင်မှာ GE တပ်ဖွဲ့ဝင်တွေကို ဖမ်းတာတို့၊ ခုနကအသုံးပြုနေတဲ့ ယာဉ်တွေကို မီးရှို့တာတို့ဆိုတာ ဒါ ကျွန်တော်တို့ ဖြစ်လာနိုင်ချေရှိတာကို ကျွန်တော်တို့ တင်ပြခဲ့တာပါ။

နောက်ဆုံး အရေးကြီးတဲ့ အချက်တစ်ချက်ရှိပါတယ်။ ဒါဟာ သတိပြုဖို့ လိုပါတယ်။ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးအတွက် အင်မတန် အရေးကြီးပါတယ်။ ဘင်္ဂါလီတို့ရဲ့ ရိုဟင်ဂျာ ဖန်တီးမှုကြောင့် တိုင်းရင်းသားအခွင့်အရေး ရရှိသည်နဲ့ ပြည်ထောင်စုအတွင်းမှာ Islamization ဆက်ကြောင်းကို ဒါဟာ ဘင်္ဂလားဒေ့ရှ်နဲ့ အာဆီယံ ပေါင်းစပ်သွားနိုင်တဲ့ ဆက်ကြောင်းတစ်ခုကို ဖန်တီးလာမယ်ဆိုတဲ့ အယူအဆ ဒါ ဖြစ်လာနိုင်တယ်လို့ သုံးသပ်ပါတယ်။ ခုန ကျွန်တော် နိဒါန်းမှာ ပြောခဲ့သလိုပါ။ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့အတွက် ပြည်ထောင်စုကြီးရဲ့ တာဝန်ဟာ ကျွန်တော်တို့အပေါ်မှာရှိနေတယ်ဆိုတဲ့ အချက်ကို သုံးသပ်စေချင်တာပါ။ အဲဒီလို တကယ်လို့များ Islamization ဆက်ကြောင်းဟာ အောင်မြင်သွားမယ်။ ခုနက ဘင်္ဂါလီတွေဟာ ရိုဟင်ဂျာဆိုတဲ့ တိုင်းရင်းသားတစ်ခုဖြစ်သွားမယ်ဆိုရင် နိုင်ငံတကာမှာ ပျံ့နှံ့နေတဲ့ ဘင်္ဂါလီမျိုးနွယ်စု တော်တော်များများဟာ ဒီရိုဟင်ဂျာအမည်ကို ခံယူပြီးကာမှ ကုလသမဂ္ဂအပါအဝင် ခုန တခြားမိတ်ဖက်နိုင်ငံတွေရဲ့ ဖိအားနဲ့ ဗမာပြည်ထဲကို သန်းပေါင်းများစွာ ဝင်လာပြီးကာမှ ဒီ Islamization ဆက်ကြောင်းထဲကို ဝင်ပြီး ပူးပေါင်းသွားနိုင်တယ်ဆိုတဲ့ ပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ဦးတည်ပြီး ဒါကို ကျွန်တော် တင်ပြချင်ပါတယ်။

နောက် ဥက္ကဋ္ဌကြီးခင်ဗျား။ ရေတို၊ ရေရှည်အစီအမံထဲမှာ ထည့်သွင်းစဥ်းစားပေးဖို့ အချက်အလက်တချို့ကို ကျွန်တော် တင်ပြချင်ပါတယ်။ ဒါလည်းပဲ (၁၂)ချက်လောက် ကျွန်တော် ဆွေးနွေးထားပါတယ်။ (၂)အချက်ကတော့ ရေတိုနဲ့ ပတ်သက်တဲ့ စီမံချက်ပါ။ အဲဒီမှာ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှု အထူးသဖြင့် ရခိုင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ပူးပေါင်းပါဝင်မှုနဲ့ ကျွန်တော်တို့ရဲ့ လုံခြုံရေးအစီအမံကို ဘယ်လိုအစိုးရနဲ့ ပူးပေါင်းပြီးကာမှ လုံခြုံရေးအစီအမံ စမလဲဆိုတဲ့ အစီအစဥ် တစ်ခု လိုပါတယ်။

နောက်တစ်ခုက ဒီလက်ရှိအခြေအနေမှာ သုံးသပ်ကြည့်တဲ့အခါမှာ ဘယ်လို ပူးပေါင်းနေထိုင်ပြီးကာမှ ရေတိုမှာ လုပ်လို့မရဘူးဆိုတဲ့အခါမှာ ဘယ်လိုကာလတစ်ခုမှာ ပြန်လည်သင့်မြတ်ဖို့အတွက် လက်ရှိအခြေအနေမှာ ခွဲခြားပြီးကာမှ ထားမလဲ ဆိုတဲ့ မူ ယာယီသီးခြားနေရာချထားရေး မူတစ်ခုက ကျွန်တော်တို့ လိုအပ်ပါတယ်ဆိုတာကို တင်ပြချင် ပါတယ်။ အဲဒီလိုပဲ ဘင်္ဂလီတွေကို နေရာ သီးသန့်ယာယီချထားတဲ့အခါမှာ ခုနက ပင်လယ်ပြင် ဆက်ကြောင်းတို့ ခုနကအမြန်ကားလမ်းတို့၊ ရထားလမ်းတို့ကို အနှောင့်အယှက်ပြုနိုင်တဲ့ ဧရိယာ၏ ပြင်ပမှာ ယာယီနေထိုင်မှုပြုတဲ့ အစီအစဉ်တစ်ခုရှိဖို့၊ ကျွန်တော်တို့ ရေတိုစီမံချက် ထဲမှာထည့်ပေးစေချင်ပါတယ်။ အဲဒီလိုရှိမှာပဲ နောက် ရေရှည်ဖြတ်သန်း သွားလာတဲ့ကာလ တစ်ခုမှာ ဒီ Community နှစ်ခုကို ပြန်ပြီး ဘယ်လိုညှိညှိနှိုင်းနှိုင်းတိုင်တိုင်ပင်ပင်နဲ့ ပူးပေါင်း နေထိုင်မှုရအောင် ဆောင်ရွက်မလဲဆိုတဲ့ ဒုတိယ ဒါရေရှည်စီမံချက်မှာ ထည့်သွင်းဖို့ ဖြစ်ပါတယ်။

ကျွန်တော် ခုန တင်ပြခဲ့တဲ့ အစီအမံထဲမှာ ထည့်သွင်းပေးစေလိုတဲ့ အချက်ထဲမှာ ရေရှည်အနေနဲ့ (၁၀)ချက်လောက်ကို ဆွဲထားပါတယ်။ (၁)အချက်ကတော့ဖြင့် နယ်စပ် တစ်လျှောက်မှာ နှစ်ပေါင်းများစွာ ရေရှည် နေထိုင်လာခဲ့တဲ့ တိုင်းရင်းသားကျေးရွာများ၊ ကျွန်တော်တို့ရဲ့ ထာဝရတည်တံ့ခိုင်မြဲမှု အင်မတန် အရေးကြီးပါတယ်။ အဲဒီတော့ တည်ရှိနေတဲ့ ကျေးရွာတွေ တည်တံ့ခိုင်မြဲဖို့အတွက် ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ၊ ရခိုင်အပါအဝင် တိုင်းရင်းသားကျေးရွာများဟာ ကျွန်တော်တို့ မောင်တောဒေသ နယ်စပ်ဒေသတစ်လျှောက်မှာ ရှိကြပါတယ်။ ဒီကျေးရွာတွေ တည်တံ့ခိုင်မြဲမှပဲ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမယ်ဆိုတဲ့ ယူဆချက်နဲ့ ဒီကျေးရွာတွေ အင်အားကောင်း ပြီးကာမှ တောင့်တင်း ခိုင်မာဖို့ ရွာကြီးတွေဖြစ်ဖို့၊ အိမ်ခြေ (၂၀၀၊ ၃၀၀)လောက်ရှိတဲ့ ရှေ့တန်းစံပြရွာကြီးများ အဖြစ် စနစ်တကျ တည်ထောင်ပေးဖို့ဆိုတဲ့ အစိုးရရဲ့မူတစ်ခုရှိဖို့ လိုပါတယ်။ ရှေ့တန်းခံ စစ်ကြောင်းအတွက်ပါ။

နောက် မေယုရိုးမရဲ့ အနောက်ဘက်ခြမ်း၊ အရှေ့ဘက်ခြမ်းဆိုတာ ရှိပါတယ်။ အနောက်ဘက်ခြမ်းမှာ (၂)မိုင်ကွာဝေးတဲ့နေရာတိုင်းမှာ ကျွန်တော်တို့ လက်ရှိတည်ဆောက် ပြီးသား ကျေးရွာတွေအပြင် ကျွန်တော်တို့ရဲ့ ပထဝီဆက်ကြောင်းအရ ပထဝီနိုင်ငံရေး အားသာချက် အရ ကျွန်တော်တို့ရဲ့ ခုနပြောခဲ့တဲ့ အကျယ်အဝန်းကိုမှီပြီးတော့ကာမှ ခုန

တိုင်းရင်းသားကျေးရွာကြီးများကို အိမ်ခြေ (၂၀၀)၊ (၃၀၀)လောက် ကျွန်တော်တို့ ဖြစ်နိုင်အောင် စုစုစည်းစည်းနဲ့ ဥပမာ စစ်ပြန်စစ်မှုထမ်းတွေ၊ ရဲအငြိမ်းစားတွေ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား တွေနဲ့ ဒီဘက်မှာရှိတဲ့ တခြားတိုင်းရင်းသားတွေ ဟိုမှာရှိတဲ့ ရခိုင်ဒေသခံတွေနဲ့ ပူးပေါင်းပြီး ကာမှ ဒီဒေသမှာ ရွာကြီးတွေဖြစ်အောင် ဆက်ကြောင်းတစ်ခုထဲမှာ (၂)မိုင်ကွာဝေးတိုင်းမှာ တိုင်းရင်းသားစံပြကျေးရွာတွေကို ဘယ်လိုတည်ထောင်မလဲဆိုတဲ့ ဦးတည်ချက်လေး တစ်ခု နဲ့ ဒါရှေ့တန်းစံပြကျေးရွာတွေကို တည်ထောင်ဖို့ လိုအပ်တယ်ဆိုတာကို ကျွန်တော် ရေရှည် အနေနဲ့ တင်ပြချင်ပါတယ်။

အဲဒီမှာ မေယုရိုးမရဲ့ မေယုတောင်စွယ်ရဲ့ အနောက်ဘက်ခြမ်းကို လုပ်သလို အရှေ့ဘက်ခြမ်းနဲ့ ပတ်သက်လို့ အငူမော် ဒီဖက်က ဘူးသီးတောင်၊ အငူမော် ဟိုဖက်က မောင်တောလမ်းကြောင်း နှစ်ခုလုံးဟာ (၁၂)ရာသီသွားလို့ရတဲ့ ကားသွားလို့ရတဲ့ ကြီးမားစွာ သောဝန်ကို တင်လို့၊ သွားလို့ရတဲ့ တံတားတွေ၊ လမ်းတွေဖြစ်နေဖို့ လုံခြုံမှုစည်းအရ အင်မတန် လိုအပ်တယ်လို့ တင်ပြချင်ပါတယ်။

အဲဒီတော့ ဒီလိုရွာကြီးတွေကိုဖန်တီးတဲ့အခါမှာ အဲဒီရွာတွေမှာရှိတဲ့ တိုင်းရင်းသား ကျေးရွာတွေကို ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် အချက်တစ်ချက် တင်ပြချင်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေ၊ စက်မှုဇုန်စီမံကိန်းတွေကို ဖန်တီးပေးဖို့ လိုပါတယ်။ အဲဒီရွာကြီးတွေမှာ ရခိုင်အပါအဝင် တိုင်းရင်းသားတွေ ခုနစစ်ပြန်စစ်မှုထမ်းအဟောင်း တွေနေတဲ့ ရွာကြီးတွေမှာ န.တ.လ ရွာကြီးတွေမှာနေတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေ ရေရှည်တည်တံ့ခိုင်မြဲစွာနဲ့ ဒီမှာအလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ အသက်မွေးဝမ်းကျောင်း ပြုပြီးကာမှ ကျွန်တော်တို့ ခံစစ်ကြောင်းအနေနဲ့ နေနိုင်ဖို့အတွက် လယ်ယာလုပ်ငန်းခွင်၊ လယ်ယာလုပ်ငန်းခွင်ဆိုတာ Catch Cropping ဖြစ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ ရွေးချယ် စိုက်ပျိုးနိုင်ခွင့်ရှိတဲ့ လယ်ယာလုပ်ငန်းခွင်၊ ရေလုပ်ငန်းခွင်၊ မွေးမြူရေးလုပ်ငန်းခွင်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းခွင် စသဖြင့် သူ့ရဲ့ Earming ရဖို့အတွက် စက်မှုလက်မှု အထည်ချုပ်လုပ်ငန်းခွင် စသဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ နိုင်ငံတော်က စီမံကိန်း၊ စီမံချက်တွေချပေးဖို့လိုပါတယ်။

နောက် ဒီတိုင်းရင်းသားကျေးရွာတွေ အကုန်လုံးနဲ့ပတ်သက်တဲ့ တရားဥပဒေစိုးမိုးမှု ကျေးရွာပြည်သူ့စစ်နဲ့ ဒီကျွန်တော်တို့ရဲ့ ရဲစခန်းအခြေအနေကို ပြန်လည်မြှင့်တင်ပေးဖို့ လိုပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့ကျေးရွာနဲ့ လုပ်ငန်းခွင်လုံခြုံရေး လူထုလုံခြုံရေး အသိုင်းအဝိုင်းအဆင့်ဆင့်၏ လုပ်ငန်းခွင်လုံခြုံရေးအတွက် ဒီကျေးရွာသားများကိုယ်တိုင် ပါဝင်တဲ့ ကျွန်တော်တို့ရဲ့ ပြည်သူ့စစ်တွေကို စနစ်တကျ ကျွန်တော်တို့ရဲ့ တည်ဆဲဥပဒေများနှင့် အညီ လက်နက်ကိုင်ဥပဒေနဲ့အညီ ကျွန်တော်တို့ ဖွဲ့စည်းတည်ထောင်ပေးဖို့ လိုပါတယ်။

နောက် မေယုရိုးမရဲ့ အနောက်ဘက်ခြမ်း တစ်လျှောက်လုံးမှာ (၈)မိုင် သို့မဟုတ် (၁၀)မိုင် ကွာဝေးတိုင်း ရဲစခန်းတစ်ခု ခိုင်ခိုင်မာမာ တည်ဆောက်ပြီးကာမှ ဆက်ကြောင်းကြီးကို တရားဥပဒေစိုးမိုးမှုအတွက် ဒါဆောင်ရွက်ပေးဖို့ လိုပါတယ်။ နောက်တစ်ခုက နယ်စပ်တစ်လျှောက်ဟာ အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့နယ်စပ်တလျှောက်ရဲ့ လုံခြုံရေးကို မေ့နေကြတာ ကြာပါပြီ။ အဲဒီတော့ ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် ဖြစ်နေတဲ့ နယ်စပ်တစ်လျှောက်လုံးမှာ ပြီးခဲ့တဲ့အစိုးရကစပြီးဆောက်ပေးခဲ့တဲ့ ဒီနယ်စပ်ခြံစည်းရိုး ရှိပါတယ်။ ဒါကိုလည်းပဲ အိန္ဒိယကလည်း ကြိုမြင်ပြီးကာမှ ကျွန်တော်တို့ အနောက်ဘက်လားပြည်နယ် တစ်ကျောလုံးမှာ မိုင်ပေါင်းများစွာ ဆောက်ထားပြီးသား ဖြစ်ပါတယ်။

ဒီဖက်မှာလည်း ကျွန်တော်တို့ရဲ့ နယ်စပ်တစ်လျှောက်ကို ပြန်ဆောက်နေတဲ့ ကာလမှာ ဒီထက်ခိုင်ခံ့ဖို့ အချိန်မရွေး ကျွန်တော်တို့က နယ်စပ်နဲ့ပတ်သက်တဲ့ ခြံစည်းရိုးမှာ စစ်ဆေးနိုင်ဖို့ အတွင်း ကိုယ့်ရဲ့နယ်မြေထဲမှာ ကွန်ကရစ်လမ်းတွေ အချိန်မရွေး ကင်းလှည့် နိုင်ဖို့ တည်ဆောက်ပေးဖို့ လိုပါတယ်။ အဲဒီလို တည်ဆောက်ဖို့အတွက် ကျွန်တော်တို့ န.စ.က ကို သုံးနေပါတယ်။ လက်ရှိ န.စ.က ဟာ လုံခြုံရေးစည်းကို ထိုင်ထားပေမယ့်လို့လည်း ရေရှည်မှာ ကျွန်တော်တို့ ခုနကလို အထူးရဲ၊ နယ်စပ်ဒေသနဲ့ပတ်သက်တဲ့ အထူးရဲလုံခြုံရေး အဖွဲ့တစ်ခုဟာ ဒီနေရာမှာ ကျွန်တော်တို့ ကြပ်ကြပ်မတ်မတ်နဲ့ လုံခြုံရေးသတိနဲ့ထားပေးဖို့ လိုပါတယ်။ အဲဒီ နယ်စပ်ဒေသလုံခြုံရေး အထူးအဖွဲ့အစည်းရဲ့အောက်မှာ ဒါ ကျွန်တော်တို့ရဲ့ ရှည်လျားတဲ့ ကျွန်တော်တို့ရဲ့ ပင်လယ်ပြင်ကြီးကို ကာကွယ်နိုင်ဖို့ Coast Guard လိုဟာမျိုး၊ ပင်လယ်ပြင် အထူးရဲတပ်ဖွဲ့လိုဟာမျိုးရှိဖို့ လိုပါတယ်။

နောက် ခုန တိုင်းရင်းသားကျေးရွာတွေ အားလုံးဟာလည်းပဲ ပြည်သူလူထု ပူးပေါင်းပါဝင်မှုရှိတဲ့ ပြည်သူ့စစ်အဖွဲ့တွေကို ခုနနယ်ခြားဒေသကိုစောင့်တဲ့ အထူးရဲ ရဲ့ အောက်မှာ ထိန်းချုပ်မှုနဲ့ထားပေးမယ်ဆိုရင် ကျွန်တော်တို့ရဲ့ အတွင်းစည်းလုံခြုံမှုကို ရပါမယ်။ အတွင်းစည်းရဲ့ အပြင်ဖက်မှာ တပ်မတော်အနေနဲ့ ဥပမာ Blue Navy ဖြစ်တာတို့၊ Frigate ဝယ်တာတို့၊ ရေငုပ်သင်္ဘောဝယ်တာတို့က တပ်မတော်ရဲ့အင်အားကို ရှိဖို့က နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ ရှိဖို့အတွက်က ကျွန်တော်တို့က အစဉ်အမြဲ ထောက်ခံပါတယ်။

အဲဒီတော့ ဒီအတွင်းစည်း၊ အပြင်စည်းထဲမှာ ခုနကလို တပ်မတော်ကဏ္ဍ၊ ဒီဖက်က ပြည်သူတွေ ပူးပေါင်းပါဝင်တဲ့ကဏ္ဍကို ကျွန်တော်တို့ သေသေချာချာ ထိန်းညှိနိုင်မယ်ဆိုရင် တရားဥပဒေစိုးမိုးရေး၊ တည်တံ့ခိုင်မြဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို တစ်စုံတစ်ခု အတိုင်းအတာအထိ ကျွန်တော်တို့ ဖြည့်ဆည်းပေးနိုင်မယ်လို့ ယူဆပါတယ်။ အဲဒီဒေသနောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေကို ပြန်လည်အသက်ဝင်ဖို့ ကျွန်တော်တို့ ကြိုးစားဖို့ လိုပါတယ်။

အဲဒီတော့ ဘင်္ဂလီများ ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အချို့မှာ မြို့နယ်သင်္ကေတတွေကို ယူပြီးကာမှ မြန်မာ-မူဆလင်လူမျိုးအဖြစ် အချို့ကဘင်္ဂလီတွေက ကမန်အဖြစ် လူမျိုးပြောင်းပြီးကာမှ နိုင်ငံသားစိစစ်ရေးကတ်တွေကို နည်းအမျိုးမျိုးနဲ့ ရယူနေတာကို တွေ့ရပါတယ်၊ ဆိုတော့ ဒီကိုင်ဆောင်ထားတဲ့ နိုင်ငံသား မဟုတ်တဲ့၊ ဖြစ်ခွင့်မရှိတဲ့ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်ခွင့် မရတဲ့ ပုဂ္ဂိုလ်တွေ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိနေတာကို ကျွန်တော်တို့က ဘယ်လိုစိစစ်ဖို့ လုပ်မလဲဆိုတဲ့ အထူးအဖွဲ့ ဖွဲ့စည်းပေးဖို့ လိုပါတယ်။ ဒါဟာလည်းပဲ တရားဥပဒေနှင့်အညီ အရေးယူဖို့လိုပါတယ်။ ပေးတဲ့ပုဂ္ဂိုလ်ကိုရော၊ လက်ခံရရှိတဲ့ ပုဂ္ဂိုလ်ရော၊ ဒါ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေကို တိတိကျကျ အကောင်အထည်ဖော်ဖို့ လိုပါတယ်။

နောက်တစ်ခုက မြန်မာနိုင်ငံသားဥပဒေအရ တိုင်းရင်းသား မဟုတ်တဲ့၊ နိုင်ငံသား မဟုတ်တဲ့၊ ခုနက ဧည့်နိုင်ငံသား မဟုတ်တဲ့၊ နိုင်ငံသားပြုခွင့်မရတဲ့ ပုဂ္ဂိုလ်တွေအကုန်လုံးကို နိုင်ငံခြားသားဆိုပြီး ဒီမှာ သတ်မှတ်ဖွင့်ဆိုထားပါတယ်။ ဘင်္ဂလီတွေဟာ မြန်မာနိုင်ငံသား

ဥပဒေအရ မည်သည့်အဆင့်နိုင်ငံသား ဖြစ်တယ်ဆိုတာကို ဒီ ၁၉၈၂ ဥပဒေမှာ တိတိကျကျ သတ်မှတ်ပေးဖို့ လိုပါတယ်။ တကယ်တော့ နိုင်ငံသားဥပဒေဘက်က မြန်မာနိုင်ငံသားပြုခွင့်ဆိုတဲ့ လမ်းကြောင်းက ဒီကျွန်တော်တို့ ခေါ်တဲ့ ဘင်္ဂလီတွေဟာ ကြိုးစားမယ်ဆိုရင် ကာလတစ်ခုမှာ နိုင်ငံသားပြုခွင့်ရပြီးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံမှာပါတဲ့၊ အခန်း(၈)မှာပါတဲ့ နိုင်ငံသားအခွင့်အရေးဆိုတဲ့ နိုင်ငံသား တစ်ဦး ပြည့်ပြည့်ဝဝ ခံစားနိုင်ခြင်း ရှိတဲ့ အခွင့်အရေးတွေကို အပြည့်အဝ ပေးဖို့ ကျွန်တော်တို့ ကြိုးစားပေးရမှာဖြစ်ပါတယ်။ ဆိုတော့ ဒီဥပဒေတွေ ထိရောက်စွာ အရေးယူဖို့ ကျွန်တော်တို့ဘက်ကတော့ ဒါ ပွင့်ပွင့်လင်းလင်း လိုအပ်တယ်လို့ ကျွန်တော်တို့ စိစစ်တင်ပြပါတယ်။ ခုနကလို----

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့ပြီ၊ နိဂုံးချုပ်ပါ။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ နည်းနည်းလေးပါခင်ဗျ။ (၃)မိနစ်လောက်ပါ။ ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ လူဦးရေ ပေါက်ဖွားမှု ရှိပါတယ်။ ဒါကို ဘယ်လိုထိန်းချုပ်မလဲ ဆိုတာလေး တစ်ခု ရှိပါတယ်။ ဒီဟာနဲ့ပတ်သက်လို့ ကျွန်တော်တို့ နယ်စပ်စည်းကို လုပ်ပြီးတဲ့အခါမှာ Isolation Camp တို့နဲ့ တကယ် နိုင်ငံသား မဟုတ်တဲ့ပုဂ္ဂိုလ်တွေကို ဘယ်လို စိစစ်မလဲ၊ ဘယ်လို Detergent Center မှာထားမလဲ ဆိုတဲ့ဟာလေးကိုလည်း သုံးသပ်ပေးဖို့ လိုပါတယ်။

နောက်တစ်ခုက ဒီနေရာမှာ ဒီလောက်ပေါက်ပွားနေတဲ့ လူတွေကို ဘယ်လို ထိန်းချုပ်မလဲဆိုတဲ့ ဒီ ကျွန်တော်တို့ရဲ့ အထူးဒေသနဲ့ ပတ်သက်တဲ့ Family Planing ကို ဘယ်လိုချမလဲဆိုတာ တစ်ခုကို ထည့်သွင်းပေးဖို့ လိုပါတယ်။ နောက် ၇၃၊ ၈၃ မှာ စတဲ့ သန်းခေါင်စာရင်း ကောက်ခဲ့တာ ရှိပါတယ်။ အခု ၂၀၁၄ မှာလည်း ကောက်ဖို့ ရှိပါတယ်။ ဒီနေရာကြားမှာ၊ ကာလအပိုင်းအခြား တစ်ခုမှာ ဘယ်လိုပွားလာသလဲ၊ ဘယ်လိုအိမ်ရာတွေ တိုးချဲ့လာသလဲ၊ ဥပဒေနဲ့ညီသလား၊ မညီဘူးလား၊ ဒါတွေကို ဆယ်စုနှစ်၊ နောင်ဖြစ်တဲ့ ကာလ နှစ် ၂၀၊ ၃၀၊ ၅၀ မှာ ဘယ်လိုဖြစ်လာနိုင်မလဲဆိုတဲ့ သုံးသပ်ချက်နဲ့ ဒါ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေက ပြုစုဖို့ လိုပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော် တင်ပြချင်တာကတော့ ရခိုင်၊ ဘင်္ဂလီ ပြန်လည်သင့်မြတ်ရေးနဲ့ ပတ်သက်လို့ အချက်(၇)ချက်ကို ဆိုထားပါတယ်။ ဒါဟာ အင်မတန်သိမ်မွေ့တဲ့ပြဿနာ ပါ။ ရေရှည်ပြုစုပျိုးထောင်ပြီးကာမှ လူမျိုးရေးနဲ့ဆက်နွယ်တဲ့ နိုင်ငံရေးပြဿနာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့ Community (၂)ခုဟာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ပတ်သက်လို့ အင်မတန် အဆင့်အတန်း နိမ့်ကျနေတယ်ဆိုတာကို နှစ်ဖက်လုံးက ရခိုင်ကရော၊ ဘင်္ဂလီကရော ဝန်ခံဖို့ လိုပါတယ်။ နောက် အမျိုးသားအကျိုးစီးပွားချင်း အပြန်အလှန် ဆက်စပ်နေကြတယ်ဆိုတာကို လက်ခံဖို့ လိုပါတယ်။ အဲဒီတော့ ဒီလက်တွေ့ ကျကျ အသိအမှတ်ပြုဖို့ လိုပါတယ်။

နောက်တစ်ခုက ရခိုင်သမိုင်းဆိုင်ရာမှာ ဘင်္ဂလီတို့ရဲ့ ခုနကလို ရိုဟင်ဂျာသမိုင်းကို လိမ်ပြီးလုပ်ကြံတာကို ထာဝရစွန့်လွှတ်ဖို့ လိုပါတယ်။ နောက် ဘင်္ဂလီလူဦးရေ ပေါက်ဖွားပြီးကာမှ ဒီလူဦးရေကို ထိန်းညှိရမယ်ဆိုတာကို မိသားစုစီမံကိန်းလိုတယ်ဆိုတာကို ဘင်္ဂလီတွေကိုယ်၌ကိုက လက်ခံပေးဖို့ လိုပါတယ်။ နောက် ဘင်္ဂလီလူ့အဖွဲ့အစည်းကို ဘာသာရေးအစွန်းမရောက်စေဘဲနဲ့ ဘာသာရေး စွက်ဖက်မှုကင်းတဲ့ ကျွန်တော်တို့ရဲ့ ခေတ်မီပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့အတွက် ပြောင်းလဲပေးဖို့၊ ကြိုးစားပေးဖို့ လိုပါတယ်။ ဘာသာခြားမုန်းတီးရေး အစွန်းရောက်အယူအဆတွေကို စွန့်လွှတ်ပေးဖို့ လိုပါတယ်။

အချင်းချင်းညှိနှိုင်းပြီးကာမှ ဘာသာရေးစွက်ဖက်မှုမပါတဲ့ ကျွန်တော်တို့ရဲ့ Community (၁)ခုကို ရခိုင်ပြည်နယ်မှာ တည်ဆောက်နိုင်မယ်ဆိုရင်၊ ဘာသာရေးစွက်ဖက်မှုမပါတဲ့ နိုင်ငံရေးကို ကျွန်တော်တို့ဟာ ညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင်နဲ့ ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ရခိုင်ပြည်ကြီးဟာ လက်ရှိတည်တံ့နေတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု အခြေအနေကနေ ဆထက်ထမ်းပိုး တိုးတက်ပြီးကာမှ ပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့အတွက် ရခိုင်တွေရော၊ နိုင်ငံသားပြုခွင့်နည်းလမ်းက ကြိုးစားနေကြတဲ့ ဘင်္ဂလီတွေပါ ကျွန်တော်တို့ အတူတကွ လက်တွဲပြီးကာမှ ပြည်ထောင်စုကြီးရဲ့ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ကျွန်တော်တို့ ရခိုင်ပြည်ကြီးကို ကာကွယ်နိုင်မယ်၊ ပြည်ထောင်စုကြီးကို ကာကွယ်နိုင်မယ်ဆိုတာကို ကျွန်တော်တို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် ဒီအဆိုကို တကယ့်မြေပြင်

အခြေအနေ ဖြစ်ပေါ်လာနိုင်တာချည်းပဲ၊ နောင်ဖြစ်လာနိုင်တာတွေကို မှန်းပြီးကာမှ တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် သူရှိပါက ဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် ရဲ့ အဆိုကို ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ကျွန်တော် ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့မှ ထောက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါက်တာအေးမောင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်း ရခိုင်ပြည်နယ်၌ ဘင်္ဂလီဆူပူမှုကြောင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပေါ် ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နယ်စပ်လုံခြုံရေး၊ နယ်မြေအုပ်ချုပ်ရေးနှင့် လူဝင်လူထွက် စီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာမြောက် ရေတို၊ ရေရှည် အထူးအစီအမံတို့ဖြင့် ဦးစားပေး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ။**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ တင်ထားတာ ကြာပြီဆိုပေမယ့်လို့လည်း အခုအနေမှာ ဆွေးနွေးရင် အချိန် နည်းနည်းစောတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ တရားရုံး(၁)ရုံးက တရားခံလို့ မဆုံးဖြတ်ရသေးခင်မှာ အဲဒီလူက တရားခံ ပါလို့ ပြောရင် တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို စွက်ဖက်ရာ ရောက်တယ်လို့ အဆိုရှိပါတယ်။

ဒီရခိုင်ပဋိပက္ခ စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာ အခုထွက်မလာသေးပါဘူး။ ဒါ နိုင်ငံတော်သမ္မတကြီး ဖွဲ့စည်းပေးထားတဲ့ ကော်မရှင် ဖြစ်ပါတယ်။ ဒီကော်မရှင်ဟာ ခုနက အဆိုရှင်ပြောသလိုပေါ့။ ချိန်ကိုက်လှုပ်ရှားမှုက ဘယ်သူ၊ မီးလောင်ရာကို ဓာတ်ဆီလောင်းတာက ဘယ်သူပေါ့။ ဒါတွေကို အဖြေမပေါ်ခင်မှာ ကျွန်တော်တို့က ဒီကိစ္စကို ဆွေးနွေးမယ်ဆိုရင် ကော်မရှင်ရဲ့အဆုံးအဖြတ်ပေါ်မှာ လွှတ်တော်ကသွားပြီးတော့ Pressure ပေးသလို ဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဥပမာအားဖြင့် ၂၈ ရက်နေ့မှာ ကျောက်နီမော်မှာ အဓမ္မမှု ဖြစ်တယ်။ ၂၉ ရက်နေ့မှာ အဆိုရှင်ရဲ့ ပါတီ ညီလာခံ (၃)ရက် လုပ်တယ်။ (၃)ရက်နေ့မှာ မူဆလင်ဘာသာဝင်(၁၀)ဦး တောင်ကုတ်မှာ အသတ်ခံရတယ်။ အဲဒီနေ့မှာပဲ အဆိုရှင်ရဲ့ ပါတီဟာ လူစုလူဝေးနဲ့ စစ်တွေ အမှတ် (၁) ရဲစခန်းကို ဝိုင်းဝန်းအကြမ်းဖက်တယ်၊ ဆိုတော့ ချိန်ကိုက်လှုပ်ရှားမှုတွေ၊ မီးလောင်ရာ ဓာတ်ဆီလောင်းတာတွေဟာ ဘယ်သူလဲဆိုတာ အခုအချိန်မှာ စုံစမ်းစစ်ဆေးရေးကော်မရှင်က စုံစမ်းဆဲကာလ ဖြစ်တယ်။

ဒါကြောင့်မို့လို့ ဒီအချိန်မှာ ကျွန်တော်တို့က ဒါကြီးကို အားကောင်းမောင်းသန် သွားဆွေးနွေးလိုက်ရင် စုံစမ်းစစ်ဆေးရေးကော်မရှင်အပေါ်မှာ Pressure ဖြစ်မယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဆွေးနွေးဖို့ သင့်ပါတယ်။ သို့သော် နည်းနည်း စောသေးတယ်။ ဟိုကော်မရှင်က အဖြေထွက်လာတဲ့အချိန်ကျမှ ကျွန်တော်တို့ ဆွေးနွေးရအောင်၊ ဘာပြုလို့လဲဆိုတော့ သမ္မတကြီးကလည်း ပြောထားတယ်။ အသစ်ဝင်လာတဲ့လူတွေအတွက်ကိုတော့ လောလောဆယ် UNHCR Camp မှာပဲ ထားပြီးတော့ တတိယနိုင်ငံကို ပို့မယ်။ သူ့သဘောထားတွေလည်း ပြောပြီးသား ဖြစ်တယ်။

နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း ပြောဖူးတယ်။ ကျွန်တော်တို့ရဲ့ လွှတ်တော် ဆွေးနွေးချက်တွေဟာ အစိုးရအဖွဲ့ကို ချောင်ပိတ်မိသလို မဖြစ်စေသင့်ဘူးလို့ ကျွန်တော်တို့ကို လမ်းညွှန်မိန့်ကြားထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စဟာ လတ်တလောအားဖြင့် ကျွန်တော်တို့ဆွေးနွေးဖို့တော့ သိပ်ကောင်းတယ်။ ဒါဟာ မဟာဗျူဟာ၊ နည်းဗျူဟာ၊ တပ်မတော်အစိုးရလက်ထက်ကတည်းက၊ ကျွန်တော်ဆို အဲဒီမှာ (၉)နှစ်လောက် နေလာတာ တပ်မင်းချောင်းတို့၊ ဘူးသီးတောင်၊ မောင်တောတို့ အဲဒီမှာ တပ်တွေ၊ အရင်တုန်းက န.ပ.ခ မှာ (၃)ရင်း ရှိတာကနေ အခု(၃၃)ရင်း ဖြစ်သွားတဲ့အထိ ဒါ ကျွန်တော်တို့က ရှေ့အလားအလာတွေ မျှော်တွေးပြီးလုပ်တာ၊ ဒါ ကျွန်တော်တို့ ဆွေးနွေးဖို့လည်း ရှိပါတယ်။ သို့သော် လောလောဆယ် ကျွန်တော်တို့ ဆွေးနွေးလိုက်ရင် သမ္မတကြီးဖွဲ့စည်းထားတဲ့ သမ္မတကြီးဖွဲ့စည်းတာတောင်မှ ရခိုင်ပြည်နယ် ပဋိပက္ခလို့ပဲ ပြောပါတယ်။ ဘင်္ဂါလီတွေ၊ ဘာတွေ သူ မထည့်သေးပါဘူး။

ဒီနေ့ပါတဲ့ သတင်းစာထဲမှာလည်း ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဆိုပြီးတော့မှ တူရကီက ဆန် တန်ချိန် တစ်ထောင် လှူတယ်လို့ ဒါအစိုးရအဖွဲ့က သုံးတဲ့ ခေါင်းစဥ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အခြေအနေ အရပ်ရပ်ကြောင့် လို့ သုံးထားပါတယ်။ ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီဆူပူမှုကြောင့် ဆိုပြီးတော့ ဒီလိုမျိုး မပြောပါဘူး။ အဲဒီတော့ ဆိုလိုတာကတော့ ကျွန်တော်တို့ ဒါဟာ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ကို လွတ်လွတ်လပ်လပ် သူ့ကို ပေးပြီးတော့ စုံစမ်းစေတာ ကောင်းတယ်။ သူစုံစမ်းပြီးမှ သူ့ရဲ့အဖြေကို မူတည်ပြီးတော့ ကျွန်တော်တို့က အားရပါးရ လွှတ်တော်ထဲမှာ ဆက်ပြီးတော့ ဆွေးနွေးသင့်တယ်လို့ ယူဆပါတယ်။ လောလောဆယ် ဒီအဆိုကို ဆိုင်းငံ့သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါက်တာ အေးမောင် တင်သွင်းတဲ့ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘော မတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိတဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေ ခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းနဲ့

လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ဒီလို ဆန္ဒရယူရာမှာ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာများမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

အကယ်၍ မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးနှင့် အထက်ဖြစ်လျှင် လက်ခံဆွေးနွေးရန် သဘောတူသည်ဟုလည်းကောင်း၊ ၄၀ ဦး မပြည့်လျှင် လက်ခံဆွေးနွေးရန် သဘောမတူဟုလည်းကောင်း လွှတ်တော်သို့ ကြေညာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခု လက်ခံဆွေးနွေးရန် သဘောတူသော လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ၄၀ ဦး မပြည့်တဲ့အတွက် ဒေါက်တာအေးမောင် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြု ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ် ရယူခြင်း။**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ် (၁၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့်လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှုအနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးဇုန်လှယ်ထန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အဆိုအား ဖတ်ကြားတင်သွင်းခွင့် ပြုပါရန် လျှောက်ထားပါတယ်။

ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ဖြစ်ပါတယ်။ ယခု ကျွန်တော် တင်သွင်းမယ့်အဆိုကတော့ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှုမှာ အနိမ့်ကျဆုံးဖြစ်နေသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထားရှိ၍ ခွင့်ပြုချက်များ ချထားပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်မှာ မွေးဖွား၊ ချင်းပြည်နယ်မှာ ပညာသင်ကြား၊ ချင်းပြည်နယ်မှာ ကြီးပြင်းလာတဲ့သူဖြစ်ပြီး၊ မိဘညီအစ်ကိုမောင်နှမ ဆွေမျိုးအားလုံး ချင်းတိုင်းရင်းသား၊ လူမျိုးများဖြစ်ကြတဲ့အတွက် ကျွန်တော်တို့ ချင်းပြည်နယ်သူ ပြည်နယ်သား များရဲ့ စားဝတ်နေမှုဘဝ၊ လူနေမှုဘဝကို ကောင်းကောင်းကြီး ခံစားသိရှိနေသူ ဖြစ်ပါတယ်။ ယခုလို ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ပြည်ထောင်စုအစိုးရက တိုင်းပြည်ကို ဖွံ့ဖြိုး တိုးတက်မှုတွေ အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်နေတဲ့အချိန်မှာ ချင်းပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေးကို တစ်ထောင့်တစ်ကဏ္ဍမှ ပါဝင်ဆွေးနွေး အကြံပြုတိုက်တွန်းလိုတဲ့အတွက် ယခုအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ပြည်ထောင်စုကြီးရဲ့ တိုင်းနဲ့ပြည်နယ်(၁၄)ခုမှာ အဆင်းရဲဆုံးနဲ့ ဖွံ့ဖြိုးမှု နောက်အကျဆုံးလို့ သတ်မှတ်ထားကာ၊ ယနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ အားလုံးသော လူကြီးမင်းများအသိ ဖြစ်ပါတယ်။ ဘာကြောင့်ဆင်းရဲ ရတာလဲ၊ ဘာကြောင့် ဖွံ့ဖြိုးမှုနောက်ကျရတာလဲ၊ အဖြေကို အားလုံး သိရှိကြပါတယ်။ ကျွန်တော့်အနေနဲ့ အခက်အခဲတွေကို အကျယ်ချဲ့ မပြောလိုတော့ပါဘူး။ ဒီအခက်အခဲ

တွေကို ဘယ်လို ဖြေရှင်းကျော်ဖြတ်မလဲ ဆိုတဲ့နည်းလမ်းကိုသာ တိုင်းပြုပြည်ပြုစိတ်ဓာတ်နဲ့ တင်ပြအကြံပြု ဆွေးနွေးသွားလိုတာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ သဘာဝတရားကြီးကတော့ ကျွန်တော်တို့ ပြည်နယ်ကို မျက်နှာသာပေးမှုတော့ ရှိပါတယ်။ ဒါက သတ္တုသယံဇာတများ ရှိနေခြင်းပဲ ဖြစ်ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ဒုတိယအကြိမ်မြောက် ပြည်သူ့လွှတ်တော် သက်တမ်းကာလတွင် မြန်မာပြည် ခရိုမိုက်သတ္တုသိုက်ကို ချင်းပြည်နယ်၊ မြွေတောင်ဒေသတွင် တွေ့ရှိရပြီး ခရိုမိုက်သတ္တုတန်ချိန် သန်းပေါင်း(၈၀၀၀)နှင့် နီကယ်လ်တန်ချိန် သန်းပေါင်း(၁၀၀)ရှိကြောင်း ကြေညာခဲ့ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန ယခင်ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်မှ အမျိုးသားလွှတ်တော်၌ မေးခွန်းဖြေကြားရာတွင် ချင်းပြည်နယ်၊ မြွေတောင်၊ ဝေဘူလတောင်၊ ဟားခါးလေး၊ နတ်တောင် တို့တွင် နီကယ်လ် ဖြစ်ထွန်းမှု(၄)နေရာနှင့် မြွေတောင်၊ ဝေဘူလတောင်၊ ဟားခါးလေး၊ နတ်တောင်၊ ဘိုပီဘွမ်း၊ မူဝယ်လွတ်၊ မောင်တော်တောင်၊ ဖလမ်း တို့တွင် ခရိုမိုက် ဖြစ်ထွန်းမှု (၈)နေရာ ဖော်ထုတ်နိုင်ခဲ့ကြောင်း ချင်းပြည်နယ်တွင် နီကယ်လ်သတ္တုရိုင်းတန်ချိန်(၁၁၀.၇၅) သန်းနှင့် ခရိုမိုက်တန်ချိန် (၃၈၁၀၀) ခန့် သတ္တုရိုင်းဖြစ်ထွန်းမှုရှိကြောင်း တွက်ချက်မှတ်တမ်းတင်ထားပြီး ဖြစ်ကြောင်း ဖြေကြားထားပါတယ်။

ဒါ့အပြင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ သတ္တုသတင်းပေးမှုအရ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့(၂)ဖွဲ့သည် မြွေတောင်၏ အနောက်ဘက် ဝေဘူလ-ပါမွန်ချောင်းဒေသတွင် ခရိုမိုက် ရှာဖွေစမ်းသပ်တိုင်းတာရေး လုပ်ငန်းများကို ၃၀-၇-၂၀၁၁ ရက်မှစ၍ စတင်ဆောင်ရွက်ခဲ့ရာ ချင်းပြည်နယ် မြွေတောင်ဒေသရှိ နီကယ်သတ္တုရိုင်းတူးဖော်ထုတ်လုပ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သွားနိုင်သည့် အလားအလာကောင်းများ ရှိပါကြောင်းနှင့် ခရိုမိုက်ကို အသေးစားတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအနေဖြင့် ဆောင်ရွက်မည်ဆိုပါက အလားအလာကောင်းများ ရှိပါကြောင်းလည်း ဖြေကြားထားပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီရဲ့ လေ့လာတွေ့ရှိမှုအရ တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုမှာ ရန်ကုန်တိုင်းဒေသကြီးမှအပ

ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်များအားလုံး သတ္တုထွက်ရှိကြောင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရှိ မြို့နယ်များတွင် ထွက်ရှိသော သတ္တုအမျိုးအစားများကို မှတ်တမ်းပြုစု ထားပြီးလည်း ဖြစ်ပါတယ်။ အဲဒီမှတ်တမ်းအရ ဘူမိဒေဒပညာရှင်များ တွေ့ရှိခဲ့သည်မှာ ချင်းပြည်နယ်တွင် တီးတိန်မြို့နယ်မှာ နီကယ်လ်၊ ခရိုမိုက်၊ ထုံးကျောက်၊ ကန်ပက်လက် မြို့နယ်တွင် ကဲ့ကူဆံ၊ ခရိုမိုက်၊ ကြေးနီ၊ ကျောက်မီးသွေး၊ တွန်းဇံမြို့နယ်တွင် ခရိုမိုက်၊ မတူပီမြို့နယ်တွင် ကြေးနီ၊ ခရိုမီယမ်၊ ဖလမ်းမြို့နယ်မှာ ခရိုမီယမ်၊ ပလက်ဝတွင် ကြေးနီ၊ ရေနံ၊ ရွှေ၊ မင်းတပ်မြို့တွင် ကြေးနီတို့ ထွက်ရှိခြင်း ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ မြို့နယ်ပေါင်း (၉)ခုအနက် (၆)ခုမှာ အဲဒီလို သတ္တုရေနံသယံဇာတတွေ ထွက်ရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။

၁၉၈၀-၁၉၈၂ ခုနှစ်ကာလမှာ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံပူးပေါင်းပြီးတော့ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးအဖွဲ့က ECAMS စီမံကိန်းဖြင့် သုတေသန ပြုခဲ့ရာမှာ ချင်းပြည်နယ်မှာ သတ္တုများ ဖြစ်ထွန်းတည်ရှိမှုကို အောက်ပါအတိုင်း အဖြေထုတ် ခဲ့ပါတယ်။ ဒီစာအုပ်မှာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ တော်တော်များပါတယ်။ အသေးစိတ် ရေးပေးထားပါတယ်။ ဆိုတော့ ကြေးနီသတ္တုကို မဏိပူရ၊ လုမ်ကြီး၊ ကန်ပက်လက်မြို့နယ်မှ ရင်ကွဲတောင်များ၊ နီကယ်လ်နှင့် ခရိုမိုက်ကို မြွေတောင်၊ နတ်တောင်၊ မူဝယ်လွတ်၊ မူအယ်ယမ်၊ ဘိုပီဘွမ်း၊ ဟားခါးကြီး၊ ဝေဘူလ၊ မောင်တော်တောင်၊ ပါမွန်ချောင်း၊ ဖလမ်းမြို့နယ်၊ သံသတ္တုကို တီးတိန်၊ ပုတ်တဲ၊ မြေစေးဖြူ (Kaolin) ကို မော်ဘော့(ဖလမ်း)၊ ထုံးကျောက်ကတော့ တော်တော်များပါတယ်။

အဲဒါတွေကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ချင်းတောင်မှာ သတ္တုသယံဇာတတွေ ရှိပြီး၊ ဒီသတ္တုတွေကို စနစ်တကျ၊ နည်းလမ်းတကျထုတ်ယူသုံးစွဲမယ်ဆိုရင် နောက်ပြီး ဒီရလဒ် အကျိုးအမြတ်ကို ဒေသခံများ ခံစားခွင့် ရရှိမယ်ဆိုရင် ဒေသနေပြည်သူများ ဆင်းရဲခြင်းက လွတ်မြောက်မယ်။ ပညာရေး၊ ကျန်းမာရေးစတဲ့ လူနေမှုဘဝ တိုးတက် မြင့်မားလာမယ်။ ဒေသရဲ့ လမ်းပန်းဆက်သွယ်ရေးတွေကို ကောင်းမွန်အောင် အဆင့်မြှင့် ပေးနိုင်မယ်။ သတ္တုတူးဖော်ထုတ်လုပ်မှု လုပ်ငန်းသဘာဝအရ သယ်ယူပို့ဆောင်ရေးအတွက် လမ်းများ ဖောက်လုပ်ကြရသဖြင့် သတ္တုစီးပွားရေးကို အကြောင်းပြုပြီး လမ်းများ ပိုမိုဖွံ့ဖြိုး လာမည်ဖြစ်ပါတယ်။ ဒေသခံပြည်သူများကလည်း စီးပွားရေးအရ အကျိုးစီးပွား ရရှိလာပြီး

ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးကို ဆောင်ရွက်ကြမည်ဖြစ်၍ ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာစေပါမယ်။

ထိုအခါ ချင်းပြည်နယ်သည် ပြည်ထောင်စုရဲ့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များနည်းတူ ဖွံ့ဖြိုးမှုရှိလာမယ်လို့ တထစ်ချ ပြောနိုင်ပြီ ဖြစ်ပါတယ်။ ထိုသို့ ဖြစ်လာလျှင် ချင်းပြည်နယ်တွင် သတ္တုထုတ်လုပ်မှုကဏ္ဍ မြင့်မားလာပြီး ပြည်နယ်သားများ၏ တစ်ဦးချင်း ဝင်ငွေ တိုးတက်မှုမှသည် သတ္တုကဏ္ဍမှ နိုင်ငံတော်ရဲ့ GDP သည်လည်း တိုးတက်လာမှာ မလွဲဧကန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ချင်ပါတယ်။ ဒါကို အော်ပြီးတောင်းနေလို့ အရေးဆိုရုံမျှ အရေးဆိုနေလို့ အလိုအလျောက် မရဘူးဆိုတာ ကျွန်တော်တို့ သိကြပါတယ်။ ကျွန်တော်တို့ရဲ့ လူသယံဇာတတွေနဲ့ အလုပ်လုပ်ပြီးရယူမှရမယ်ဆိုတာကို နားလည်သဘောပေါက် ကြပါတယ်။ ကျွန်တော်တို့ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ဖို့ အလုပ်လုပ်ပါမယ်။ သတ္တုလုပ်ကွက်တွေ လျှောက်ထားခြင်းကနေစပါမယ်။ ယခု ကျွန်တော်တို့ပြည်နယ်မှာ သတ္တုလုပ်ကွက်တွေ လုပ်ကိုင်ခွင့် ချထားပေးနေပြီ ဖြစ်ပါတယ်။

ဒီလိုချထားပေးတဲ့နေရာမှာ ကျွန်တော်တို့ အဆိုပြုချင်တာက ချင်းပြည်နယ် ဒေသခံ ကုမ္ပဏီများရဲ့ လျှောက်ထားမှုကို ဦးစားပေး စဉ်းစားခွင့်ပြုပေးဖို့ ဖြစ်ပါတယ်။ အခြားသတ္တုလုပ်ငန်းရှင်များကတော့ စီးပွားရေးခနအင်အား တောင့်တင်းပြီး ဖြစ်တဲ့အတွက် ဘယ်ဒေသမှာ သတ္တုထွက်နေလဲ၊ သတင်းရရှိလျှင် စီးပွားရေးတိုးချဲ့ဖို့အတွက် လျှောက်မှာ ဖြစ်ပါတယ်။ သူတို့လည်း မူဘောင်စည်းကမ်းနဲ့အညီ လျှောက်ထားကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ချင်းပြည်နယ်သားတွေကတော့ ယခုမှ မျက်စိပွင့်ပြီး အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီရဲ့ အသိပညာပေးမှု၊ အားပေးမှုနှင့် ပတ္တမြားနဂါးဖောင်ဒေးရှင်းရဲ့ ကူညီထောက်ပံ့မှုကြောင့် သတ္တုတူးဖော်ရေးလုပ်ငန်းကို စတင်လုပ်ကိုင်ရန် ကုမ္ပဏီများ စတင်ဖွဲ့စည်းပြီး လုပ်ကွက်များအစပြု လျှောက်ထားကြတာ ဖြစ်ပါတယ်။

ဒေသခံကုမ္ပဏီများ ဖြစ်တဲ့အတွက် ဒေသကို သတ္တုစီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်။ ဒေသက လူသားအရင်းအမြစ်တွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိအောင်

ဆောင်ရွက်ပေးမယ်။ သတ္တုလုပ်ငန်းကနေ အကျိုးစီးပွား ရရှိလာလျှင် ဒီဒေသနေပြည်သူများ လူမှုဘဝဖွံ့ဖြိုးစေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ကွက်များ လျှောက်ထားခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ စီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီကြီးများသာ လုပ်ကိုင်ခွင့်ရရှိပြီး ဒေသခံများရဲ့ ကုမ္ပဏီတွေကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သစ်တောများ ပေါက်ရောက်လျက်ရှိသဖြင့် ခွင့်မပြုနိုင်ပါကြောင်း သဘောထားမှတ်ချက်ကြောင့် သတ္တုတွင်းဝန်ကြီးဌာနက လုပ်ကိုင်ခွင့် ချထားပေးခြင်း မပြုနိုင်တာတွေ တွေ့ရပါတယ်။

ကျွန်တော်တို့က ဒေသခံတွေ ဖြစ်ပါတယ်။ မလျှောက်ထားခင် လျှောက်ထားမယ့် လုပ်ကွက်တွေကို ဘူမိဗေဒပညာရှင်များနဲ့အတူ ကွင်းဆင်းခဲ့ပါတယ်။ အဖိုးတန် ကျွန်းသစ်တွေ အခြားသစ်ကြီး၊ ဝါးကြီးတွေ ပေါက်ရောက်နေရင် ကျွန်တော်တို့ နားလည်ပါတယ်။ သစ်တောများ ပျက်စီးစေဖို့ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ တကယ်တော့ သစ်တောကြိုးဝိုင်း ဧရိယာရှိသလောက် သစ်တောတွေ ဖြစ်ထွန်းနေတာ မဟုတ်ဘူးဆိုတာ ဝန်ကြီးဌာနကိုယ်တိုင်လည်း သိရှိပါတယ်။ Google map ကနေ ကြည့်ရင်လည်း မည်သူမဆို မြင်သာပါတယ်။ သက်ဆိုင်ရာဌာန အသုံးအနှုန်းအားဖြင့် တောနိမ့်၊ တောပျက် ဆိုတဲ့ စကားရပ်ရှိပါတယ်။ သစ်တောကြိုးဝိုင်း စာရင်းမှာ ပါရှိနေသော်လည်း သစ်တောဖြစ်ထွန်းနေခြင်းမရှိသော၊ သစ်တောဟု မခေါ်ဆိုနိုင်တော့သော အဆင့်သို့ ရောက်နေသည့်ဧရိယာများ ဖြစ်ပါတယ်။ ဒီအသုံးအနှုန်း စကားရပ်ကိုက ပျက်နေသောသစ်တော၊ အဆင့်နိမ့်နေသောသစ်တော လို့ဖော်ပြထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ သတ္တုဖြစ်ထွန်းနေတဲ့နေရာမှာ သစ်တောတွေ မပေါက်နိုင်ဘူးဆိုတာ ဓာတ်ပုံပြလိုက်လို့ရှိရင်လည်းသိပါတယ်။ အောက်မှာ သတ္တုတွေ ရှိနေတဲ့အတွက် သစ်တောတွေကတော့ ဒီတန်ဘိုးရှိသစ်တောတွေ တစ်ခုမှ မရှိဘူးဆိုတာကို ဒါသက်သေပြပါတယ်။ ဒီလိုနေရာတွေကို လျှောက်ထားခဲ့သော်လည်း သစ်တောများ ပေါက်ရောက်နေ၍ ခွင့်မပြုနိုင်ကြောင်း သဘောထားမှတ်ချက်ပြုခဲ့ပါတယ်။ ဒါကတော့ လက်မှတ်ထိုးတဲ့ အဆင့် အကြီးအကဲတွေက လျှောက်ထားမှု တစ်ခုချင်းအပေါ် ကွင်းဆင်းဖို့ဆိုတာ မဖြစ်နိုင်ဘဲ၊

ကိုယ်တိုင်မရောက်ရှိနိုင်ဘဲ အောက်ခြေကနေ တင်ပြချက်အပေါ် အဆင့်ဆင့်တာဝန်ယူပြီး လက်မှတ်ထိုးရတာ ဖြစ်မယ်လို့ ကျွန်တော်တို့ နားလည်ပါတယ်။

ကျွန်တော်တို့က ဒေသဖွံ့ဖြိုးချင်လို့ ဒီလုပ်ကိုင်ခွင့်ရပြီဆိုရင် အချိန်နဲ့တပြေးညီ ရှေ့တက်လှမ်းဖို့ ကြိုးပမ်း သော်လည်း အောင်မြင်မှု မရခဲ့ပါဘူး။ အခြားလုပ်ငန်းရှင်တွေ ခွင့်ပြုပြီး ကျွန်တော်တို့ ဒေသခံကုမ္ပဏီတွေ ဒေသအတွက် ဦးဆောင်ဦးရွက်ပြုပေးမယ့် ကုမ္ပဏီတွေ ဘာလို့မရတာလဲလို့ လက်လှမ်းမီသလောက် လေ့လာတဲ့အခါမှာ မြေစာရင်း မြေပုံအရလည်း ကျွန်တော်တို့ လျှောက်ထားတဲ့ ဧရိယာတွေက အထက်မှာ အသုံးချခွင့်ပြု နိုင်မည့် တောနိမ့်၊ တောပျက်များ တည်နေရာပြမြေပုံတွင် အကျုံးဝင်နေသော မြေဧရိယာများ ဖြစ်နေတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့မှာ လုပ်ငန်းအတွေ့အကြုံနဲ့ အရင်းအနှီးမြှုပ်နှံမှု ငွေကြေးအင်အား နည်းပါးပါတယ်။ ဒါပေမဲ့ ဒေသဖွံ့ဖြိုးဖို့ ပြင်းထန်တဲ့ စိတ်ဓာတ်ရေးရာ ကတော့ အလျှံအပယ် ပြည့်စုံချမ်းသာကြွယ်ဝပါတယ်။

ကျွန်တော်တို့ကို လုပ်ငန်းဆိုင်ရာ ထောက်ပံ့ကူညီမယ့်၊ လက်တွဲခေါ်ပေးမယ့် ဒီပတ္တမြားနဂါးသတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနဲ့ ပတ္တမြားနဂါး အုပ်စုနဲ့အတူ လျှောက်ထားခဲ့တာ ဖြစ်ပါတယ်။ ပတ္တမြားနဂါးအုပ်စုလည်း ကျွန်တော်တို့ နည်းတူ တောနိမ့်၊ တောပျက် ဧရိယာမှာ လျှောက်ထားပေမယ့် ဒါခွင့်ပြုချက်မရရှိခဲ့ပါဘူး။ ကျွန်တော်တို့ နှိုင်းယှဉ်တင်ပြချင်တာက အခြားဘယ်လုပ်ငန်းရှင်ပဲဖြစ်ဖြစ် ကျွန်တော်တို့ ချင်းပြည်နယ်မှာ သတ္တုလုပ်ငန်း လုပ်ကိုင်ခွင့်ရခဲ့ရင် တူးဖော်ထုတ်လုပ်မယ်။ သယ်ယူသွား မယ်။ ရောင်းချမယ်။ သတ္တုခွန်ဆောင်မယ်။ ကုန်သွယ်ခွန်ဆောင်မယ်။ ဒေသအတွက် ဆိုရင်တော့ ဒီအလှူငွေ၊ ရန်ပုံငွေတွေ အနည်းအကျဉ်းထည့်မယ်။ ဒါတောင်လုပ်ငန်းရှင်တိုင်း မလုပ်ကြပါဘူး။

ကျွန်တော်တို့ ပြည်နယ်ဒေသခံတွေရဲ့ ကုမ္ပဏီများကတော့ မြန်မာပြည်မြေပုံ ရှိကတည်းကနေ ယနေ့အထိ ပထဝီအနေအထားကြောင့် ဖွံ့ဖြိုးတိုးတက်နိုင်ခွင့်မရှိဘဲ လူနေမှု ဘဝဆင်းရဲခက်ခဲ ခဲ့ရတာကို လွတ်မြောက်ရေးအတွက် သတ္တုသယံဇာတနဲ့ အစပြုပြီးတော့ ဒီထူထောင်တော့မယ်လို့ စိတ်အားထက်သန်နေကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ် ဒေသခံကုမ္ပဏီတွေက သတ္တုသယံဇာတထုတ်လုပ်မှုမှာ ဒီအကျိုးစီးပွားရရှိလာရင် ဒေသအတွက်

ပံ့ပိုးကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ လူမှုဘဝအဆင့်အတန်း မြှင့်တင်ရေးကို ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်နဲ့ အလုပ်လုပ်သွားမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ နောက်တစ်ချက် ကျွန်တော်တင်ပြချင်တာက ဓာတ်သတ္တုစမ်းသပ် တိုင်းတာတယ်ဆိုတာက သစ်တောကိုပြုန်းတီးတဲ့အထိ လုပ်ကိုင်ဆောင်ရွက်တဲ့အဆင့် မပါဝင် ကြောင်းဖြစ်ပါတယ်။ လွန်ကျင်းတွေတူးမယ်။ မြေစိုက်အစမ်းကျင်းတွေတူးမယ်။ သစ်ပင်များ ရှိခဲ့ရင်တောင်မှ ဒီသစ်ပင်များကြားမှာ လုပ်ကိုင်ဆောင်ရွက်သွားလို့ရပါတယ်။ စမ်းသပ် ရှာဖွေခြင်းသည် တူးဖော်ထုတ်လုပ်ခြင်း မဟုတ်လို့ သစ်တောများရှိခဲ့ရင်ပင် စိတ်ပူပင်ရန် မလိုသောအဆင့် ဖြစ်ပါတယ်။ သတ္တုများ စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိချက်အဖြေရမှသာ ဒီနောက်တစ်ဆင့်အနေနဲ့ တူးဖော်ခွင့်လိုင်စင်များ လျှောက်ထား ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ အခြားသက်ဆိုင် ပတ်သက်သောဌာနဆိုင်ရာများ အချင်းချင်း ညှိနှိုင်းသဘောတူ ခွင့်ပြုချက်ဖြင့် တူးဖော်ထုတ်လုပ်ရမှာ ဖြစ်ပါတယ်။

သတ္တုတူးဖော် ထုတ်လုပ်သည့် နည်းစဥ်များတွင်လည်း မြေအောက်တွင် Tunnel စနစ်ဖြင့် တူးဖော်ထုတ်လုပ်ခြင်းဖြင့် မြေပေါ်ရှိသစ်ပင်များကို ထိခိုက်ပျက်စီးမှု မဖြစ်စေ နိုင်ပါ။ ဒီလိုလုပ်ခြင်းအားဖြင့် ဒီထိခိုက်ပျက်စီးမှုကို မဖြစ်စေနိုင်ပါ။ တောင်များကို ဖောက်ဝင်၍ အတွင်း၌ သတ္တုကြောများကိုလိုက်၍ Tunnelစနစ်တူးဖော်ခြင်းသည် တောင်ပေါ်တွင် ပေါက်ရောက်နေသော သစ်တော၊ ဝါးတောများကို ပျက်စီးမှုမဖြစ်စေပါ။

သတ္တုလည်းထုတ်လုပ်နိုင်ပြီး သစ်တောလည်း မဆုံးရှုံးသောနည်းစဥ်များ ရှိပါ တယ်။ ဒီထုတ်လုပ်မှု မြင့်မားလာပြီး ယနေ့၊ ယခုစမ်းသပ်ရှာဖွေခွင့်ကိုပင် မထောက်ခံဘဲ ခွင့်မပြုကြောင်း မှတ်ချက်ပြုခဲ့တဲ့အတွက် ကျွန်တော်တို့ ကုမ္ပဏီများက လမ်းပျောက်သွား သလို တွေ့ကြုံခံစားရပါတယ်။ ပထမဆု၊ ဒုတိယဆု မျှော်မှန်းခွင့်ရရှိဖို့ နေနေသာသာ ပြိုင်ပွဲကိုတောင်မှ ဒီဝင်ခွင့် မရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်ကို ပြည်ထောင်စုအတွင်း အခြားသောပြည်နယ်နဲ့ တိုင်းဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်ချင် ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်နယ်မှာ သတ္တုလုပ်ငန်း လုပ်ကိုင်ခွင့်ကို တိုင်းရင်းသား ကုမ္ပဏီများ ရရှိမယ်ဆိုရင် ဒေသခံ လူသယံဇာတအရင်းအမြစ်များကိုလည်း အများအပြား အသုံးပြုနိုင်မယ်။

နိုင်ငံတော်အတွက် လူသယံဇာတ အရင်းအမြစ် ဆုံးရှုံးမှုတွေကို တစ်ထောင့်တစ်ကဏ္ဍကနေ ကာကွယ်တားဆီးနိုင်မယ်။ ပြည်နယ်အသီးသီးမှာ ဘာအရင်းအမြစ်တွေ ဘာလုပ်ငန်းနဲ့ အကျိုးစီးပွားဖြစ်ထွန်းနိုင်မှ တိုင်းရင်းသားတွေ ဒီသက်ဆိုင်ခံစားခွင့်အား ဖော်ထုတ်ပေးနိုင်မလဲ။ စဉ်းစားဖော်ထုတ်ပြီး ဒေသက လူတွေ အလုပ်အကိုင်ရရှိရင် နိုင်ငံတော် က ရည်မှန်းချက် ထားရှိသလို ဆင်းရဲမှု လျှော့ချနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်တဲ့ အစိမ်းရောင် စီးပွားရေးကို များစွာ လိုလားပါတယ်။ အစိမ်းရောင်စီးပွားရေးကို ချက်ချင်းသွားဖို့၊ ရွေးချယ်ဖို့ ကျွန်တော်တို့ ပြည်နယ်ဒေသအနေနဲ့ အခြေအနေမပေးသေးဘူးလို့ သဘောရိုးနဲ့ တင်ပြလိုပါတယ်။ ဘာအလုပ်အကိုင် စီးပွားရေးမှ မရှိဘဲ၊ ဘာဝင်ငွေ ဘာအရင်းအနှီးမှ မရှိဘဲ ဆင်းရဲနေဆဲ အခြေအနေမှ ဒီမှာ ဒီစိုက်ပျိုးရေးလုပ်ငန်းတွေ စတင်ဖို့အတွက် သစ်တောတွေ ပျိုးထောင်ဖို့ အတွက် လက်တွေ့ကျကျ မလုပ်နိုင်သေးပါဘူး။ ထင်းမခုတ်ဘဲ ထင်းအစားထိုးသုံးဖို့၊ လောင်စာကို ငွေကြေးနဲ့ ဝယ်ယူသုံးစွဲဖို့လည်း မပြည့်စုံကြပါဘူး။ ဒီလိုအခြေအနေမှာ အစိမ်းရောင် စီးပွားရေးကို တက်လှမ်းဖို့ တံတားဆက် လိုနေပါတယ်။

ချင်းပြည်နယ်က သတ္တုသယံဇာတတွေကို ထုတ်လုပ်နိုင်အောင် ဆက်စပ်ပတ်သက်သော ဝန်ကြီးဌာနများပူးပေါင်းပြီး ဒီချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက် ထား၍ စဉ်းစားစီစဉ်ခွင့်ပြုပေးနိုင်မယ်ဆိုရင် ပြည်နယ်မှာဖွံ့ဖြိုးပြီး ဝင်ငွေကောင်းမွန်လာ မှာဖြစ်လို့ သတ္တုတူးဖော်ပြီး မြေဇရိယာများကိုလည်း နိုင်ငံတော်၏စီမံကိန်း ပြန်လည် ပျိုးထောင်ကာ အစိမ်းရောင်စီးပွားရေးကို ကူးပြောင်းအကောင်အထည်ဖော်သွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီချင်းပြည်နယ်သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော များတွင် သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက် ထား၍ ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ်ရှိပါက ဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း အဆိုတင်သွင်းတဲ့ ချင်းပြည်နယ် သစ်တော ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများအတွက် သတ္တုလုပ်ငန်းများ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲ နွမ်းပါးမှုမှ လျှော့ချရေးဦးတည်ချက်ထား၍ ခွင့်ပြုပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိမ်းဘွေ မှ လေးလေးနက်နက် ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးဇုန်လှယ်ထန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ် အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါ သလားခင်ဗျား။

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့ အတွက် ဦးဇုန်လှယ်ထန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဇုန်လှယ်ထန်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစည်းအဝေးကို ၁၂း၀၆ နာရီအချိန်တွင် ရပ်နားပါသည်။]